ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်၊ ကြာသပတေးနေ့ (11-11-2010) (၆၅၇၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အာဆီယံအသင်းကြီးအနေဖြင့် မြန်မာနိုင်ငံအား ထောက်ခံသွားရန်အသင့်ရှိ

မြန်မာနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်း၍

အာဆီယံဥက္ကဋ္ဌက ကြေညာချက်ထုတ်ပြန်

နေပြည်တော်   နိုဝင်ဘာ   ၁၀

မြန်မာနိုင်ငံ၌ ၂၀၁၀ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ အာဆီယံဥက္ကဋ္ဌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံက နိုဝင်ဘာ ၈ ရက်တွင် ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်သည်။

အဆိုပါကြေညာချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

၂၀၁၀ ခုနှစ် နိုဝင်ဘာ ၇ ရက်က ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် မြန်မာနိုင်ငံတွင် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအတွက် ချမှတ်ထားသော မူဝါဒလမ်းစဉ် (၇)ရပ်ကို အကောင်အထည်ဖော်နိုင်ရန် အရေးကြီးသော တိုးတက်မှုခြေလှမ်းတစ်ရပ်အဖြစ် အာဆီယံအသင်းကြီးက ကြိုဆိုလိုက်ပါသည်။

အာဆီယံအနေဖြင့် မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားရန် တိုက်တွန်းပါသည်။ မြန်မာနိုင်ငံအနေဖြင့် ယင်းလုပ်ငန်းစဉ်တွင် ကမ္ဘာ့ကုလသမဂ္ဂ၊ အာဆီယံတို့နှင့်အတူ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်မှုကို အာဆီယံအသင်းကြီးက အလေးအနက်ထားပါသည်။

လိုအပ်ပါက အာဆီယံပဋိညာဉ်နှင့်အညီ မြန်မာနိုင်ငံအား ထောက်ခံသွားရန် အာဆီယံအသင်းကြီးအနေဖြင့် အသင့်ရှိပါသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

နေပြည်တော်   နိုဝင်ဘာ   ၁၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ်(၁၂၂/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ်(၁၂၂/၂၀၁၀)
၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်
(၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၀ ရက်)

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတို့က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၉ (ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ ယင်းပုဂ္ဂိုလ်များသည် ၎င်းတို့နှင့်ယှဉ်တွဲပါ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များ၏ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

စဉ်	အမည်	မှတ်ပုံတင်အမှတ်	မဲဆန္ဒနယ်	ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ
နေပြည်တော်				
(၁)	သူရဦးရွှေမန်း	၇/သကန(နိုင်)၀၀၇၅၄၂	ဇေယျာသီရိ	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၂)	ဦးသိန်းစိန်	၅/ကလထ(နိုင်)၀၂၆၉၀၇	ဇမ္ဗူသီရိ	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၃)	သီဟသူရ ဦးတင်အောင်မြင့်ဦး	၁၂/ဒဂန(နိုင်)၀၂၁၃၁၉	ပုဗ္ဗသီရိ	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၄)	ဦးမြင့်လှိုင်	၁၃/တကန(နိုင်)၀၁၀၀၁၁	ဒက္ခိဏသီရိ	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၅)	ဦးကျော်စွာခိုင်	၉/မထလ(နိုင်)၀၉၁၀၀၂	ဥတ္တရသီရိ	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၆)	ဦးလှမြင့်ဦး	၁၂/သဃက(နိုင်)၁၅၇၇၈၃	ပျဉ်းမနား	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၇)	ဦးမောင်ဦး	၁၂/ရပသ(နိုင်)၀၅၆၂၀၅	တပ်ကုန်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၈)	ဦးဌေးဝင်း	၉/လဝန(နိုင်)၀၂၅၀၉၇	လယ်ဝေး	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
မွန်ပြည်နယ်				
(၉)	ဦးအေးမြင့်	၁၂/ဒဂန(နိုင်)၀၁၀၈၆၈	မော်လမြိုင်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၁၀)	ဦးလှမောင်	၁၂/ဗဟန(နိုင်)၀၇၂၇၁၆	ချောင်းဆုံ	မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ
(၁၁)	ဦးသိန်းအောင်	၁၀/သဖရ(နိုင်)၀၀၃၃၅၇	သံဖြူဇရပ်	မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ
(၁၂)	ဦးမြသိန်း	၁၀/မလမ(နိုင်)၀၂၄၀၁၈	မုဒုံ	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၁၃)	ဦးစောဘသိန်း	၁၀/သထန(နိုင်)၀၀၉၈၇၂	သထုံ	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၁၄)	ဒေါ်မြင့်သန်း	၁၀/ရမန(နိုင်)၀၀၂၇၆၉	ရေး	မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ

စာမျက်နှာ ၃ ကော်လံ ၁ သို့ *

ကြေးမုံ The Mirror
၁၁-၁၁-၂၀၁၀
(ကြာသပတေးနေ့)

ပင်လယ်ပိုင်းဒေသ လမ်းကွန်ရက်များပေါ်ထွက် လူနေမှုဘဝတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်

မျက်မှောက်ကမ္ဘာတွင် ရာသီဥတု ပူနွေးပြောင်းလဲလာမှုနှင့် အတူ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နေသည်။ နိုင်ငံအချို့၌ မီးတောင်ပေါက်ကွဲခြင်း၊ မြေငလျင်လှုပ်ခြင်း၊ ရေကြီးခြင်း၊ တောမီးလောင်ခြင်း၊ မြေပြိုကျခြင်းစသည့် သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့နေကြရဆဲဖြစ်သည်။

မြန်မာနိုင်ငံ ကမ်းရိုးတန်းဒေသများနှင့် မြစ်ဝကျွန်းပေါ်ဒေသတို့တွင် မုန်တိုင်းအန္တရာယ်များ မကြာခဏ ကြုံတွေ့ကြရသည်။ နှစ်ပေါင်း ၆၀ အတွင်း ဆိုင်ကလုန်းမုန်တိုင်း ၃၅ ကြိမ်ခန့် ဖြတ်သန်းတိုက်ခတ်ခဲ့သည်။ ၂၀၀၈ခုနှစ် မေလဆန်းက တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းသည် အဖျက်စွမ်းအားကြီးမားသဖြင့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် မြို့နယ်ပေါင်း ၄၀ ကျော်၌ မြို့ပြအိမ်ရာများနှင့် စီးပွားရေးလုပ်ငန်းများစွာ ထိခိုက်ပျက်စီးပြီး လူဦးရေတစ်သိန်းကျော် သေဆုံးခဲ့ရသည်။

နိုင်ငံတော်က ဦးဆောင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဝိုင်းဝန်းကူညီ ထူထောင်ပေးနိုင်ခဲ့သည်။ ယခုအခါ မုန်တိုင်းသင့်ဒေသများ၌ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခြေအနေများ မူလအနေအထားသို့ ပြန်လည်ရောက်ရှိ အသားကျစပြုနေပြီ။ အဆိုပါဒေသများတွင် စိုက်ပျိုးရေး၊ ရေလုပ်ငန်း၊ ဆားလုပ်ငန်း စသည့် သဘာဝအရင်းအမြစ်များ ရှိနေပြီးဖြစ်ရာ ကြိုးစားအားထုတ်မှုအလျောက် ကြီးပွားတိုးတက်နိုင်သည့် အခြေခံကောင်း၊ အလားအလာကောင်းများကို တွေ့မြင်နေကြရပေပြီ။

ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ခြင်းသည် အခြေခံလိုအပ်ချက်ဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာမှုနှင့်အတူ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများပါ တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်သည်။ ယခုအခါ ဧရာဝတီမြစ်ဝကျွန်းပေါ် ပင်လယ်ပိုင်းဒေသများ၌ လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းကို ရေးဆွဲပြီး လမ်းမကြီး ၁၁ လမ်း၊ မိုင်အရှည် ၅၂၀ ကျော်၊ တံတားအစင်း ၅၀၀ ကျော်တို့ကို ဖောက်လုပ်တည်ဆောက်လျက်ရှိသည်။

အဆိုပါလမ်းကွန်ရက်နှင့် လမ်းများပေါ်ရှိ တံတားတည်ဆောက်မှုလုပ်ငန်းများမှာ ရာခိုင်နှုန်းပြည့် ပြီးစီးနေပြီ။ ဒေသ၏ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်လျက်ရှိသည်။ ရာသီမရွေးသွားလာနိုင်သည့် အမာခံလမ်းများဖြစ်ရေး အဆင့်မြှင့်တင်ဆောင်ရွက်နေကြပြီ။

နိုင်ငံတော်က ငွေကြေးများစွာ သုံးစွဲကျခံပြီး လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေး စီမံဆောင်ရွက်ပေးနေပြီ။ ဒေသခံပြည်သူများ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိသည်။ စီးပွားကုန်သွယ်မှုလုပ်ငန်းများလည်း ပုံမှန်လုပ်ကိုင်နိုင်ကြပြီ။ ပြည်သူများအနေဖြင့် အခြေခံကောင်းများကို အသုံးပြုပြီး အားသွန်ခွန်စိုက် ကြိုးပမ်းအလုပ်လုပ်ကြခြင်းဖြင့် လူနေမှုဘဝများ ပိုမိုတိုးတက်မြင့်မားလာမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၀

မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ကာယဗလမောင်ပြိုင်ပွဲနှင့် အမျိုးသမီးအားကစားအဖွဲ့ နာယကဖလား ကာယအလှမယ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁ ရက်တွင် ချမ်းအေးသာစံမြို့နယ်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် အမျိုးသမီးအားကစားအဖွဲ့နာယကဖလား ကာယအလှမယ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ခရမ်းမြို့နယ် ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီ (၆၃)ကြိမ်မြောက် လွတ်လပ်ရေးနေ့သီချင်းအဆိုပြိုင်ပွဲ ကျင်းပနိုင်ရန် အကြိုညှိနှိုင်း

ရန်ကုန် နိုဝင်ဘာ ၁၀

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီက ကြီးမှူးကျင်းပမည့် ၂၀၁၁ ခုနှစ် လွတ်လပ်ရေးနေ့ သီချင်းအဆိုပြိုင်ပွဲ ကျင်းပရေး အကြိုညှိနှိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၅ ရက် ညနေပိုင်းတွင် မြို့လယ်ဓမ္မာရုံ၌ ကျင်းပရာ ခရမ်းမြို့နယ် ဂီတအစည်းအရုံး နာယကများဖြစ်ကြသည့် ဦးမြင့်လှိုင်၊ ဦးတင့်လွင်၊ ဥက္ကဋ္ဌ ဦးအောင်ကျော်မင်းနှင့် အလုပ်အမှုဆောင်များ၊ မြို့နယ်ဂီတအစည်းအရုံး အဖွဲ့ဝင်များ တက်ရောက် ဆွေးနွေးခဲ့ကြသည်။**(ယာပုံ)**

အခမ်းအနားတွင် မြို့နယ်ဂီတအစည်းအရုံး တွဲဖက်အတွင်းရေးမှူး ဦးသိမ်းတင့်ဆွေက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်၍ ခရမ်းမြို့နယ်ဂီတအစည်းအရုံး နာယက ဦးမြင့်လှိုင်က အဖွင့်အမှာစကားပြောကြားပြီး ဥက္ကဋ္ဌ ဦးအောင်ကျော်မင်းက သီချင်းအဆိုပြိုင်ပွဲ ကျင်းပရသည့် ရည်ရွယ်ချက်ကိုလည်းကောင်း၊ အတွင်းရေးမှူး ဦးစိုးသိမ်း(ဆရာစီ)က သီချင်းအဆိုပြိုင်ပွဲ၏ စည်းမျဉ်းစည်းကမ်းများကို လည်းကောင်း ရှင်းလင်းပြောကြားကာ နာယက ဦးတင့်လွင်က နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဟင်္သာတမြို့ အထက(၁) အာစရိယပူဇော်ပွဲ ညှိနှိုင်းစည်းဝေးပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ အခြေခံပညာ အထက်တန်းကျောင်း အမှတ်(၁)၏ (၃၅)ကြိမ်မြောက် (ကျောက်စိမ်းရတု) အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၅ ရက် (တနင်္ဂနွေနေ့)တွင် ဟင်္သာတမြို့ အထက(၁) ဟင်္သာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကြိုတင်ညှိနှိုင်း အစည်းအဝေးကို နိုဝင်ဘာ ၁၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ဟင်္သာတအသင်း အမှတ် (၁၈၄-၁၈၆) (၄၅) လမ်း အထက်ဘလောက် ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်၍ ဟင်္သာတမြို့ အထက(၁)တွင် ပညာဆည်းပူးခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ ကြိုတင်ညှိနှိုင်း အစည်းအဝေးပွဲသို့ မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (ကြေးမုံ)

Myanmar WWW Institute သင်တန်းကျောင်းမှ အိုင်တီနည်းပညာသင်တန်းများ ထပ်မံဖွင့်လှစ်မည်

ရန်ကုန် နိုဝင်ဘာ ၁၀

Myanmar WWW Institute သင်တန်းကျောင်းမှ အိုင်တီအခြေခံသင်တန်း၊ Programming အခြေခံသင်တန်းနှင့် Website ရေးဆွဲနည်းသင်တန်းများကို နိုဝင်ဘာလအတွင်း ထပ်မံ ဖွင့်လှစ်မည်ဖြစ်သည်။ အခြေခံပညာအထက်တန်းစာမေးပွဲ အောင်မြင်ပြီးသူများ၊ အဆင့်မြင့် အိုင်တီပညာရပ်များကို စတင်လေ့လာလိုသူများနှင့် အိုင်တီပညာရပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုလိုသူများ တက်ရောက်သင့်သော သင်တန်းများဖြစ်သည်။

အိုင်တီအခြေခံသင်တန်းသည် လူငယ်တိုင်း တတ်မြောက်ထားသင့်သော Microsoft Windows စနစ်ကို ကျွမ်းကျင်စွာ အသုံးပြုနည်း၊ အင်္ဂလိပ် မြန်မာ နှစ်ဘာသာဖြင့် စာရိုက်နည်း၊ Power Point အသုံးပြုပြီး Presentation များပြုလုပ်နည်း၊ Photoshop ဖြင့် Graphic Design များဖန်တီးနည်း၊ Web Page ပြုလုပ်နည်းအပြင် Programming အခြေခံကို ပိုင်နိုင်စွာ နားလည်တတ်မြောက်စေရန် C++ ဘာသာဖြင့် လက်တွေ့လေ့ကျင့်ပေးမည်ဖြစ်သည်။ အင်တာနက်နှင့် အီးမေးလ် အသုံးပြုပုံတို့ကိုလည်း သင်ယူရမည်ဖြစ်သည်။ သင်တန်းကာလမှာ နှစ်လခန့်ကြာမြင့်မည်ဖြစ်ပြီး တစ်ပတ်လျှင် သုံးရက်(တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ) တစ်ချိန်နှင့် (အင်္ဂါ၊ ကြာသပတေး) တစ်ချိန်ရှိရာ အဆင်ပြေမည့် အချိန်ကို ရွေးချယ်တက်ရောက်နိုင်သည်။

Essential Programming သင်တန်းသည် Programming နည်းပညာကို အခြေခံမှ စတင်လေ့လာလိုသူများနှင့် Professional Programmer အဖြစ် ရပ်တည်လိုသူများအတွက် တက်ရောက်သင့်သော သင်တန်းဖြစ်သည်။ ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်များသို့ တက်ရောက်နိုင်ရန် ရည်ရွယ်ထားသူများ၊ နိုင်ငံရပ်ခြားတွင် အဆင့်မြင့် အိုင်တီနည်းပညာများ သင်ယူရန် ရည်ရွယ်ထားသူများအနေဖြင့် Programming ဘာသာရပ်ကို မဖြစ်မနေ သင်ယူရမည်ဖြစ်သည်။ သင်တန်းကို Computer အခြေခံရှိသူများ တက်ရောက်နိုင်သည်။ သင်တန်းကာလမှာ နှစ်လခန့် ကြာမြင့်မည်ဖြစ်ပြီး တစ်ပတ်လျှင် သုံးရက်(တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ) ဖြစ်သည်။

Website ရေးဆွဲနည်းသင်တန်းကို ခေတ်မီဆန်းသစ်သော Website များ စနစ်တကျ ရေးဆွဲတတ်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။ သင်တန်းတွင် Website တစ်ခု ဖန်တီးပုံကို အခြေခံမှ စပြီး ကျွမ်းကျင်အဆင့်အထိ ရောက်အောင် သင်ကြားပေးမည်ဖြစ်သည်။ Website ရေးဆွဲနည်း Course ကို လက်တွေ့လုပ်ငန်းခွင်၌ ပြန်လည်အသုံးချနိုင်စေရန် ရေးဆွဲထားခြင်းဖြစ်ရာ လုပ်ငန်းခွင် ဝင်သည့်အခါ အခက်အခဲမရှိ ဝင်ရောက်နိုင်မည်ဖြစ်သည်။ သင်တန်းချိန်မှာ တစ်ပတ်လျှင် သုံးရက် (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ)ဖြစ်သည်။

အဆိုပါ သင်တန်းသုံးမျိုးလုံးကို တန်းခွဲတစ်ခုလျှင် သင်တန်းသား ၁၀ ဦးသာ ကန့်သတ်ထားရာ တက်ရောက်လိုသူများ ကြိုတင်စာရင်း ပေးသွင်းကြရမည် ဖြစ်သည်။ သင်တန်းကို Myanmar WWW Institute တည်ရှိရာ အဆောင်(၅) အခန်း(၄) မြန်မာအင်ဖိုတက်ခ်လိုင်တက္ကသိုလ်နယ်မြေ ရန်ကုန်မြို့၌ ဖွင့်လှစ်သွားမည်ဖြစ်ပြီး အသေးစိတ်ကို ဖုန်း- ၆၅၂၂၈၈၊ ၅၂၁၁၂၅နှင့် ၆၅၂၂၅၈ တို့သို့ စုံစမ်းနိုင်သည်။ (သတင်းစဉ်)

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)သို့ ရန်ကုန်မြို့ အလုံမြို့နယ် နှင်းဆီကုန်းလမ်းနေ ဦးအေးသောင်း-ဒေါက်တာဒေါ်အေးအေးသိန်း မိသားစုက အလှူငွေကျပ် လေးသိန်းကို အောက်တိုဘာ ၄ ရက်က လမ်းမတော်မြို့နယ် မြန်မာ့အလှတာဝါ(၂)ရှိ ဖောင်ဒေးရှင်းရုံးခန်းသို့ ပေးအပ်လှူဒါန်းရာ ဖောင်ဒေးရှင်းမှ စာရင်းစစ် ဒေါ်သူဇာကျော် လက်ခံရယူစဉ်။ (ကြေးမုံ)

မင်္ဂလာတောင်ညွန့် အလက (၂) ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းသူတစ်ဦးအား ကျောင်းအုပ်ဆရာကြီး ဦးလှဘော် ဆုချီးမြှင့်စဉ်။ (ပညာရေး)

အထက(၄)အလုံ၌ မူးယစ်ဆေးဝါး ပညာပေးဟောပြော

ရန်ကုန် နိုဝင်ဘာ ၁၀

မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို အလုံမြို့နယ် အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ အောက်တိုဘာ ၉ ရက်က ကျင်းပရာ အမှတ် (၃) အခြေခံပညာဦးစီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မူးယစ်) ဦးစိန်မြင့်နှင့် FXB(Myanmar) အဖွဲ့မှ ဦးကျော်ဇောတို့က အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

မူးယစ်ဆန့်ကျင် အောင်ပွဲဆင်

*ရှေ့ဖုံးမှ

စဉ်	အမည်	မှတ်ပုံတင်အမှတ်	မဲဆန္ဒနယ်	ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ
(၁၅)	ဦးခင်မောင်မြင့်	၁၀/မပန(နိုင်)၀၆၁၉၇၄	ပေါင်	တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ
(၁၆)	ဦးမြင့်လွင်	၁၀/ကထန(နိုင်)၀၀၃၄၄၆	ကျိုက်ထို	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၁၇)	ဒေါက်တာ စိုးမိုးအောင်	၁၀/ဘလန(နိုင်)၀၀၅၂၁၂	ဘီးလင်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
ရန်ကုန်တိုင်းဒေသကြီး				
(၁၈)	ဦးအောင်ဇင်	၁၂/ဗဟန(နိုင်)၁၂၅၄၂၀	ပုဇွန်တောင်	အမျိုးသားဒီမိုကရေစီ အင်အားစုပါတီ
(၁၉)	ဦးနန္ဒကျော်စွာ	၁၂/ဒဂန(နိုင်)၀၂၁၄၄၁	ဒဂုံ	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၂၀)	ဦးအောင်ဆန်း	၁၂/ပဘတ(နိုင်)၀၀၅၆၄၅	ပန်းဘဲတန်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၂၁)	ဦးအောင်ကြည်	၁၂/လကန(နိုင်)၀၂၉၇၁၉	မင်္ဂလာတောင်ညွန့်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၂၂)	ဒေါ်တင်နွယ်ဦး	၁၂/မရက(နိုင်)၀၆၁၅၇၆	ဒဂုံမြို့သစ် (မြောက်ပိုင်း)	အမျိုးသားဒီမိုကရေစီ အင်အားစုပါတီ
(၂၃)	ဒေါက်တာဝင်းမြင့်	၁၂/ကတတ(နိုင်)၀၀၄၇၃၁	လှိုင်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၂၄)	ဦးစိုးဝင်း	၁၂/စခန(နိုင်)၀၁၄၂၉၈	စမ်းချောင်း	အမျိုးသားဒီမိုကရေစီ အင်အားစုပါတီ
(၂၅)	ဒေါက်တာ မောင်မောင်ဝင့်	၁၂/ဗဟန(နိုင်)၀၀၈၁၅၅	ဗဟန်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၂၆)	ဒေါက်တာပွင့်ဆန်း	၁၂/မရက(နိုင်)၀၀၇၁၈၆	မရမ်းကုန်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၂၇)	ဒေါက်တာစိုးရင်	၁၂/သဃက(နိုင်)၀၁၃၄၅၈	ကမာရွတ်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၂၈)	ဦးစိုးဝင်း	၁၂/ကတတ(နိုင်)၀၁၇၉၅၃	ကျောက်တံတား	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၂၉)	ဦးကြည်မြင့်	၁၂/လသန(နိုင်)၀၁၁၃၄၉	လသာ	အမျိုးသားဒီမိုကရေစီ အင်အားစုပါတီ
(၃၀)	ဦးအေးမြင့်	၁၂/အစန(နိုင်)၀၂၀၇၉၃	အင်းစိန်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၃၁)	ဦးတင်မောင်ဝင်း	၁၂/မဂဒ(နိုင်)၀၄၁၁၀၃	မင်္ဂလာဒုံ	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၃၂)	ဦးကြည်မြင့်	၁၂/မဘန(နိုင်)၀၁၇၁၈၆	မှော်ဘီ	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၃၃)	ဦးခင်မောင်စိုး	၅/တမန(နိုင်)၀၀၉၅၅၀	လှည်းကူး	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၃၄)	ဦးဟန်စိန်	၁၂/တကန(နိုင်)၀၀၆၀၉၃	တိုက်ကြီး	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၃၅)	ဦးသိန်းရီ	၁၂/ထတပ(နိုင်)၀၅၀၅၃၁	ထန်းတပင်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၃၆)	ဦးတင်မောင်ဦး	၁၂/မဂဒ(နိုင်)၀၀၇၂၇၀	ရွှေပြည်သာ	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၃၇)	ဦးဉာဏ်ဝင်း	၁၂/အလန(နိုင်)၀၀၃၂၄၈	လှိုင်သာယာ	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၃၈)	ဦးခင်မောင်ရည်(ခ) ခိုင်မောင်ရည်	၁၂/တမန(နိုင်)၀၉၃၀၅၅	အလုံ	အမျိုးသားဒီမိုကရေစီ အင်အားစုပါတီ
(၃၉)	ဒေါ်စုစုလှိုင်	၁၂/သဃက(နိုင်)၀၅၁၇၉၆	ဒဂုံမြို့သစ် (တောင်ပိုင်း)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၄၀)	ဦးသိန်းညွန့်	၁၂/သဃက(နိုင်)၀၁၂၄၃၂	သယ်န်းကျွန်း	အမျိုးသားဒီမိုကရေစီ အင်အားစုပါတီ
(၄၁)	ဦးသာဝင်း	၁၂/ကတန(နိုင်)၀၁၄၃၀၈	ရန်ကင်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၄၂)	ဦးအောင်သိန်းလင်း	၈/ခမန(နိုင်)၀၁၆၅၈၃	တောင်ဥက္ကလာပ	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၄၃)	ဒေါက်တာသန်းဝင်း	၁၂/ဥကမ(နိုင်)၀၀၅၄၂၀	မြောက်ဥက္ကလာပ	အမျိုးသားဒီမိုကရေစီ အင်အားစုပါတီ
(၄၄)	ဦးမောင်မောင်စိုး	၁၂/သကတ(နိုင်)၁၀၅၃၁၂	သာကေတ	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၄၅)	ဦးလှမြင့်	၁၂/သကတ(နိုင်)၀၈၄၈၀၂	ဒေါပုံ	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၄၆)	ဒေါ်လဲ့လဲ့ဝင်းဆွေ	၁၂/တမန(နိုင်)၀၀၆၅၄၂	တာမွေ	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၄၇)	ဦးစိန်မြင့်	၁၂/ဗတထ(နိုင်)၀၁၉၂၂၅	ဗိုလ်တထောင်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၄၈)	ဦးမြင့်သူ	၁၄/ပသန(နိုင်)၀၈၇၁၂၄	ဒဂုံမြို့သစ် (အရှေ့ပိုင်း)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၄၉)	ဦးသိန်းထိုက်	၃/ကဆက(နိုင်)၀၀၁၄၇၈	ဒဂုံမြို့သစ် (ဆိပ်ကမ်း)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၅၀)	ဦးလွင်ဦး	၁၂/ကခက(နိုင်)၀၀၃၈၆၇	သန်လျင်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၅၁)	ဦးအောင်ကျော်ခင်	၁၂/ကတန(နိုင်)၀၀၇၀၄၆	ကျောက်တန်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၅၂)	သူရဦးမြင့်မောင်	၇/ပမန(နိုင်)၀၀၉၈၇၇	သုံးခွ	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၅၃)	ဦးမောင်မောင်သိမ်း	၁၃/မပတ(နိုင်)၀၀၀၃၃၃	ခရမ်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၅၄)	ဦးစိုးသာ	၁၂/ပဇတ(နိုင်)၀၀၂၃၉၀	တွံတေး	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၅၅)	ဦးလွန်းသီ	၉/ကဆန(နိုင်)၀၀၆၆၅၆	ကွမ်းခြံကုန်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၅၆)	ဦးစိုးတင့်	၁၂/အလန(နိုင်)၀၃၁၄၂၄	ကော့မှူး	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၅၇)	ဦးလှထွန်းဦး	၁၂/ဗတထ(နိုင်)၀၁၀၂၅၂	ဒလ	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၅၈)	ဦးမောင်ပါ	၁၃/ကမန(နိုင်)၀၀၂၁၈၉	ဆိပ်ကြီး/ ခနောင်တို	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၅၉)	ဦးခင်မောင်ဝင်း	၁၂/လမတ(နိုင်)၀၁၄၇၅၈	လမ်းမတော်	အမျိုးသားဒီမိုကရေစီ အင်အားစုပါတီ
(၆၀)	ဦးသန်းစိန်	၁၂/ဗဟန(နိုင်)၀၁၅၃၄၅	ကြည့်မြင်တိုင်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၁-၁၁-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၁၅ ၄။ မျိုးချစ်တပ်မတော်
၇း၄၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
၈း၀၀ ၉။ မြဝတီ ရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၄၀ ၄။ အမျိုးသားရေး တေးကဗျာ
၄း၄၅ ၅။ မွေးမြူသုတ
၄း၅၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၅း၀၀ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၁၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၁၅ ၉။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၁၂)**
၆း၀၀ ၁၀။ မြဝတီ ရုပ်မြင်သံကြားသတင်း
၆း၁၅ ၁၁။ အမျိုးသားရေး တေးကဗျာ
၆း၂၀ ၁၂။ လျှပ်တစ်ပြက်
၆း၃၀ ၁၃။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅ ၁၄။ ကာတွန်းအစီအစဉ် -ဆိုက်ကစ်ပါဝါသူရဲကောင်း လေးများ (အပိုင်း-၂၀)
၇း၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အိပ်မက်ကောင်းကင် (အပိုင်း-၁)**
၈း၀၀ ၁၆။ မြဝတီ ရုပ်မြင်သံကြားသတင်း
၁၇။ အမျိုးသားရေး တေးကဗျာ
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အနုပညာရှင်၏တစ်နေ့တာ
၂၁။ ကုန်သွယ်သုတ
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ကျွန်းအလှနှင့်ဘဝကဗျာ (အပိုင်း-၃)**
၂၄။ ဂီတရင်ခုန်သံ
၂၅။ သင့်အတွက်မနက်ဖြန်
၂၆။ အပိတ်နှုတ်ဆက်စကား
၂၇။ ပြီးပါပြီ။

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း လက်တွေ့သရုပ်ပြမည်

ရန်ကုန် နိုဝင်ဘာ ၁၀

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းမှ NetInfo မှ (Lecturer) Complete ICT Solution Provider ဦးအောင်ထွန်းလင်းက နိုဝင်ဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ Guide To Build A Network by Cisco Switch and Router ခေါင်းစဉ်ဖြင့် လက်တွေ့သရုပ်ပြသွားမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဝင်များ၊ Network အခြေခံရှိထားပြီး သူများနှင့် Cisco CCNA Exam ဖြေဆိုရန် လေ့လာနေသူများ တက်ရောက်လေ့ကျင့်နိုင်ပြီး နိုဝင်ဘာ ၁၂ ရက် ညနေ ၃ နာရီ နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်သည်။ လက်တွေ့စမ်းသပ်သူ ၂၄ ဦး လက်ခံမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက မြန်မာအင်ဖိုတက်ခ်ရှိ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းရုံးခန်း အဆောင်(၄) အခန်း(၄) ဖုန်း-၆၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။

(ကြေးမုံ)

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

နေပြည်တော် နိုဝင်ဘာ ၁၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ်(၁၂၃/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ်(၁၂၃/၂၀၁၀)

၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်
(၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၀ ရက်)

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၉ (ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ ယင်းပုဂ္ဂိုလ်များသည် ၎င်းတို့နှင့် ယှဉ်တွဲပါ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များ၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

စဉ်	အမည်	မှတ်ပုံတင်အမှတ်	မဲဆန္ဒနယ်	ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ
နေပြည်တော်				
(၁)	ဦးမှတ်ကြီး	၇/ဖမန(နိုင်)၀၂၉၅၉၈	အမှတ်(၉)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၂)	ဦးခင်မောင်ဌေး	၉/ပမန(နိုင်)၀၁၃၉၈၂	အမှတ်(၁၀)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
မွန်ပြည်နယ်				
(၃)	ဒေါ်ရီရီမြင့်	၃/ကကရ(နိုင်)၀၁၃၀၁၅	အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၄)	ဒေါက်တာစိုးဝင်း	၁၀/မလမ(နိုင်)၀၁၁၈၀၆	အမှတ်(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၅)	ဦးကျော်သိန်း	၁၀/ခဆန(နိုင်)၀၂၈၅၃၀	အမှတ်(၄)	မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ
(၆)	ဦးနိုင်ထွန်းအုံ	၁၀/သဖရ(နိုင်)၀၀၇၇၀၁	အမှတ်(၅)	မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ
(၇)	ဦးလှသိန်း(ခ) ဒေါက်တာလှသိန်း	၁၄/မမက(နိုင်)၀၁၄၄၄၅	အမှတ်(၆)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၈)	ဦးဗညားအောင်မိုး	E/YE-၀၈၉၂၄၈	အမှတ်(၇)	မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ
(၉)	ဦးစောသောင်းဖေ	၁၀/သထန(နိုင်)၀၅၄၉၁၇	အမှတ်(၈)	တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ
(၁၀)	ဦးစောအုန်း	၁၀/သထန(နိုင်)၀၅၁၅၈၈	အမှတ်(၉)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၁၁)	ဦးဇော်ဝင်း	၁၀/ပမန(နိုင်)၀၀၃၀၉၉	အမှတ်(၁၀)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၁၂)	ဦးညီညီထွန်း	၁၂/ပဇတ(နိုင်)၀၁၃၆၇၉	အမှတ်(၁၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၁၃)	ဦးဇော်နိုင်ဦး	၁၀/ဘလန(နိုင်)၀၄၅၈၈၅	အမှတ်(၁၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

နေပြည်တော် နိုဝင်ဘာ ၁၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ်(၁၂၄/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ်(၁၂၄/၂၀၁၀)

၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်
(၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၀ ရက်)

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတို့က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ ယင်းပုဂ္ဂိုလ်များသည် ၎င်းတို့နှင့် ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ၏ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

စဉ်	အမည်	မှတ်ပုံတင်အမှတ်	မဲဆန္ဒနယ်	ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ
မွန်ပြည်နယ်				
(၁)	ဒေါက်တာလှဦး	၁၀/မလမ(နိုင်)၀၂၉၅၇၁	မော်လမြိုင်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၂)	ဒေါက်တာ တိုးတိုးအောင်	၁၀/မလမ(နိုင်)၀၉၈၃၅၄	မော်လမြိုင်(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၃)	ဦးအောင်နိုင်ဦး	၁၀/ပလပ(နိုင်)၀၆၈၄၅၂	ချောင်းဆုံ(၁)	မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ
(၄)	ဦးကျင်ဖေ	၁၀/မလမ(နိုင်)၀၆၉၇၈၇	ချောင်းဆုံ(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၅)	ဦးမျိုးညွန့်	၁၀/သဖရ(နိုင်)၀၂၇၈၇၁	သံဖြူဇရပ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၆)	ဦးနိုင်ဦး	၁၀/မဒန(နိုင်)၁၁၆၆၄၆	သံဖြူဇရပ်(၂)	မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ
(၇)	ဦးအုန်းမြင့်	၇/ပမန(နိုင်)၀၁၂၀၂၃	မုဒုံ(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၈)	ဦးထွန်းရီ(ခ) မင်းနွယ်စိုး	၁၀/မလမ(နိုင်)၀၁၇၀၂၇	မုဒုံ(၂)	မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ
(၉)	ဦးနိုင်လဝီအောင်	၁၀/မလမ(နိုင်)၁၆၂၅၀၀	ရေး(၁)	မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ
(၁၀)	ဦးမင်းသိန်းဟန်	၁၀/ရမန(နိုင်)၀၂၆၄၇၁	ရေး(၂)	မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ
(၁၁)	ဦးထွန်းလှိုင်	၁၀/သထန(နိုင်)၀၆၂၀၂၂	သထုံ(၁)	တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ
(၁၂)	ဦးသိန်းဇော်	၁၀/သထန(နိုင်)၀၁၀၀၈၃	သထုံ(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၁၃)	ဦးမောင်လန်း	၁၀/ပမန(နိုင်)၀၂၀၃၈၀	ပေါင်(၁)	တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ
(၁၄)	ဦးချမ်းမြင့်	၁၀/သထန(နိုင်)၀၇၅၇၉၇	ပေါင်(၂)	မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ
(၁၅)	ဦးဌေးလွင်	၁၀/ကထန(နိုင်)၀၄၆၃၅၃	ကျိုက်ထို(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၁၆)	ဦးစိန်မြင့်	၉/မနတ(နိုင်)၀၄၀၄၉၁	ကျိုက်ထို(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၁၇)	ဒေါက်တာ ခင်မောင်သွင်	၁၄/ဟသတ(နိုင်)၁၉၅၁၉၆	ဘီးလင်း(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၁၈)	ဦးဝင်းမော်ဦး	၁၀/ဘလန(နိုင်)၀၂၄၇၇၇	ဘီးလင်း(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
ရန်ကုန်တိုင်းဒေသကြီး				
(၁၉)	ဦးစောဆန်နီချမ်း	၁၂/အစန(နိုင်)၁၆၈၃၃၅	အင်းစိန်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ

စာမျက်နှာ ၅ ကော်လံ ၁ သို့

● စာမျက်နှာ ၄ မှ

စဉ်	အမည်	မှတ်ပုံတင်အမှတ်	မဲဆန္ဒနယ်	ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ
(၂၀)	ဦးအောင်ဆန်းမြင့်	၁၂/အစန(နိုင်)၁၁၄၇၇၈	အင်းစိန်(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၂၁)	ဒေါက်တာသက်တင်	၁၂/လကန(နိုင်)၀၅၈၉၁၉	မင်္ဂလာဒုံ(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၂၂)	ဦးစိုးမင်း	၁၂/မဂဒ(နိုင်)၀၆၂၆၆၃	မင်္ဂလာဒုံ(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၂၃)	ဦးဗိုလ်ကြည်	၁၂/မဘန(နိုင်)၀၁၇၉၆၄	မှော်ဘီ(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၂၄)	ဦးလှဦး	၁၂/မဘန(နိုင်)၀၀၉၄၉၄	မှော်ဘီ(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၂၅)	ဦးနိုင်ဝင်း	၁၂/လကန(နိုင်)၁၂၆၃၆၈	လှည်းကူး(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၂၆)	ဦးလှသန်း	၁၂/လကန(နိုင်)၁၃၄၂၁၈	လှည်းကူး(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၂၇)	ဦးစိုးဝင်းမောင်	၁၄/ဟသတ(နိုင်)၀၅၉၄၄၆	တိုက်ကြီး(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၂၈)	ဦးမြင့်အောင်	၁၂/တကန(နိုင်)၀၁၅၃၉၅	တိုက်ကြီး(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၂၉)	ဦးသန်းမြင့်	၁၂/ထတပ(နိုင်)၀၅၅၀၁၄	ထန်းတပင်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၃၀)	ဦးတိုင်းရ	၁၂/ထတပ(နိုင်)၀၁၉၉၅၃	ထန်းတပင်(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၃၁)	ဦးမောင်မောင်ဝင်း	၂/လကန(နိုင်)၀၄၃၁၈၇	ရွှေပြည်သာ(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၃၂)	ဒေါ်စန်းစန်းနွယ်	၁၂/မဂဒ(နိုင်)၀၇၃၁၄၅	ရွှေပြည်သာ(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၃၃)	ဦးကျော်မျိုး	၁၄/မအပ(နိုင်)၁၅၄၂၉၇	လှိုင်သာယာ(၁)	၈၈ မျိုးဆက်ကျောင်းသား လူငယ်များ(ပြည်ထောင်စု မြန်မာနိုင်ငံ)ပါတီ
(၃၄)	ဦးနေလင်း	၁၂/လသယ(နိုင်)၀၁၅၄၉၅	လှိုင်သာယာ(၂)	တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ
(၃၅)	ဦးကျော်	၁၂/သဃက(နိုင်)၀၈၉၄၂၅	သင်္ဃန်းကျွန်း(၁)	အမျိုးသားဒီမိုကရေစီ အင်အားစုပါတီ
(၃၆)	ဒေါ်စန်းစန်းမြင့်	၁၂/သဃက(နိုင်)၁၃၆၈၉၆	သင်္ဃန်းကျွန်း(၂)	အမျိုးသားဒီမိုကရေစီ အင်အားစုပါတီ
(၃၇)	ဦးသောင်းကျော်	၁၂/ရကန(နိုင်)၀၅၀၀၅၈	ရန်ကင်း(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၃၈)	ဦးမျိုးခင်	၁၂/ရကန(နိုင်)၀၃၃၀၈၆	ရန်ကင်း(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၃၉)	ဦးအောင်ကျော်မိုး	၁၂/ဥကတ(နိုင်)၁၃၂၂၃၅	တောင်ဥက္ကလာပ(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၄၀)	ဦးမျိုးမင်းအောင်	၁၄/ဟသတ(နိုင်)၀၅၉၃၅၁	တောင်ဥက္ကလာပ(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၄၁)	ဦးအောင်ဆန်း	၁၂/မရက(နိုင်)၁၁၄၉၁၉	မြောက်ဥက္ကလာပ(၁)	အမျိုးသားဒီမိုကရေစီ အင်အားစုပါတီ
(၄၂)	ဦးသက်ထွန်းမောင်	၁၂/ဥကမ(နိုင်)၀၂၀၀၁၂	မြောက်ဥက္ကလာပ(၂)	အမျိုးသားဒီမိုကရေစီ အင်အားစုပါတီ
(၄၃)	ဦးညွန့်ဖေ	၄/ဟခန(နိုင်)၀၀၉၀၄၂	သာကေတ(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၄၄)	ဦးဇော်ဝင်းနိုင်	၁၂/သကတ(နိုင်)၀၈၃၁၂၃	သာကေတ(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၄၅)	ဦးသောင်းစိန်	၁၂/ဒပန(နိုင်)၀၁၆၃၂၂	ဒေါပုံ(၁)	တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ
(၄၆)	ဦးဝေဇင်	၁၂/သကတ(နိုင်)၁၂၇၂၇၈	ဒေါပုံ(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၄၇)	ဦးကြည်	၁၂/ကကက(နိုင်)၀၀၀၃၃၆	ကိုကိုးကျွန်း(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၄၈)	ဦးဝင်းထိန်	၁၂/တမန(နိုင်)၁၆၀၁၉၃	တာမွေ(၁)	တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ
(၄၉)	ဦးအေးသိန်း	၁၂/တမန(နိုင်)၀၆၄၈၇၂	တာမွေ(၂)	တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ
(၅၀)	ဦးတင်ချိုအေး	၁၂/ပဇတ(နိုင်)၀၁၂၆၈၆	ပုဇွန်တောင်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၅၁)	ဦးထွန်းအောင်ကြည်	၁၂/ပဇတ(နိုင်)၀၂၄၇၁၄	ပုဇွန်တောင်(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၅၂)	ဦးသိန်းဦး	၁၂/ဗတထ(နိုင်)၀၂၀၆၄၄	ဗိုလ်တထောင်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၅၃)	ဦးမင်းလွင်	၁၂/ဒဂန(နိုင်)၀၀၄၀၇၇	ဗိုလ်တထောင်(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၅၄)	ဒေါက်တာ စောလှထွန်း	၁၂/လမတ(နိုင်)၀၁၉၇၁၁	မင်္ဂလာ တောင်ညွန့်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၅၅)	ဦးကျော်စိုး	၁၂/မဂတ(နိုင်)၀၃၂၂၇၉	မင်္ဂလာ တောင်ညွန့်(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၅၆)	ဦးထွန်းလွင်	၁၂/အလန(နိုင်)၀၃၃၀၄၃	ဒဂုံမြို့သစ် (မြောက်ပိုင်း)(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၅၇)	ဦးဇော်လင်း	၉/ကပတ(နိုင်)၁၂၇၃၇၆	ဒဂုံမြို့သစ် (မြောက်ပိုင်း)(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၅၈)	ဦးခင်မောင်ထူး(ခ) ဦးကိုကို	၁၂/တမန(နိုင်)၀၅၄၂၆၈	ဒဂုံမြို့သစ် (အရှေ့ပိုင်း)(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၅၉)	ဦးတင်အောင်	၁၂/ရကန(နိုင်)၀၅၃၆၅၅	ဒဂုံမြို့သစ် (အရှေ့ပိုင်း)(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၆၀)	ဒေါက်တာ ခင်မောင်ထွန်း	၁၄/မမန(နိုင်)၀၂၃၅၆၆	ဒဂုံမြို့သစ် (တောင်ပိုင်း)(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၆၁)	ဒေါ်စန်းစန်းဝင်း	၁၂/သဃက(နိုင်)၀၁၅၅၅၉	ဒဂုံမြို့သစ် (တောင်ပိုင်း)(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၆၂)	ဦးသိန်းကျော်အောင်	၁၂/ဒဂဆ(နိုင်)၀၀၀၄၉၈	ဒဂုံမြို့သစ် (ဆိပ်ကမ်း)(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၆၃)	ဦးတင်လှိုင်	၁၂/သဃက(နိုင်)၁၀၅၀၉၃	ဒဂုံမြို့သစ် (ဆိပ်ကမ်း)(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၆၄)	ဦးအောင်သန်းဦး	၁၂/သလန(နိုင်)၀၃၃၄၂၉	သန်လျင်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၆၅)	ဦးကျော်မင်း	၁၂/သလန(နိုင်)၀၁၄၇၄၀	သန်လျင်(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၆၆)	ဦးထွန်းလှရွှေ	၁၂/ကတန(နိုင်)၀၀၂၄၉၉	ကျောက်တန်း(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၆၇)	ဦးမျိုးမြင့်	၁၂/ကတန(နိုင်)၀၁၇၀၇၃	ကျောက်တန်း(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၆၈)	ဒေါက်တာမြင့်သိန်း	၁၂/သခန(နိုင်)၀၀၂၆၅၅	သုံးခွ(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၆၉)	ဦးမြသိန်း	၁၂/သခန(နိုင်)၀၄၃၄၃၁	သုံးခွ(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၇၀)	ဦးကျော်မြင့်အောင်	၁၂/ခရန(နိုင်)၀၀၄၅၇၆	ခရမ်း(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၇၁)	ဦးမြင့်ဦး	၁၂/ခရန(နိုင်)၀၂၈၀၆၈	ခရမ်း(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၇၂)	ဒေါက်တာ သိန်းဇော်မြင့်	၁၂/တတန(နိုင်)၁၀၈၅၉၇	တွံတေး(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၇၃)	ဒေါက်တာအုန်းကြွယ်	၁၂/တတန(နိုင်)၀၁၅၁၀၉	တွံတေး(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၇၄)	ဦးခင်မောင်စိုး	၁၂/ကခက(နိုင်)၀၅၀၀၁၅	ကွမ်းခြံကုန်း(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၇၅)	ဦးစိန်တင်ဝင်း	၅/ကလန(နိုင်)၀၀၈၈၈၈	ကွမ်းခြံကုန်း(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၇၆)	ဦးဝင်းထိန်	၁၂/ကမန(နိုင်)၀၀၅၁၈၇	ကော့မှူး(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၇၇)	ဦးဝင်းထွန်းနိုင်	၁၂/ကမန(နိုင်)၀၆၆၂၁၀	ကော့မှူး(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၇၈)	ဦးသန်းလှိုင်	၁၂/ဒလန(နိုင်)၀၃၅၆၀၅	ဒလ(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၇၉)	ဦးငွေးရှိန်	၁၂/ဒလန(နိုင်)၀၀၇၂၉၃	ဒလ(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၈၀)	ဦးမင်းသိမ်း	၁၂/ဆကခ(နိုင်)၀၁၀၇၇၀	ဆိပ်ကြီး/ ခနောင်တို(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၈၁)	ဦးမြင့်ဆွေ	၁၂/ဒဂန(နိုင်)၀၁၀၇၄၃	ဆိပ်ကြီး/ ခနောင်တို(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ

စာမျက်နှာ ၆ ကော်လံ ၁ သို့◆

◆ စာမျက်နှာ ၅ မှ

စဉ်	အမည်	မှတ်ပုံတင်အမှတ်	မဲဆန္ဒနယ်	ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ
(၈၂)	ဦးမျိုးသိန်း(ခ) ဦးမြသိန်း	၁၂/ကတတ(နိုင်)၀၁၁၂၅၈	ကျောက်တံတား(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၈၃)	ဦးမြသိန်း	၁၂/ကတတ(နိုင်)၀၁၂၆၃၆	ကျောက်တံတား(၂)	တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ
(၈၄)	ဦးနေဝင်း	၁၂/လသန(နိုင်)၀၀၂၄၃၄	လသာ(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၈၅)	ဦးနန်းညွန့်ဝင်းမော်	၁၂/အစန(နိုင်)၀၀၈၈၄၉	လသာ(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၈၆)	ဦးလှထွန်း	၁၂/ပဘတ(နိုင်)၀၁၄၉၁၇	ပန်းဘဲတန်း(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၈၇)	ဒေါက်တာဝင်းကိုလှ	၁၂/ဗတထ(နိုင်)၀၂၂၀၆၀	ပန်းဘဲတန်း(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၈၈)	ဦးမိုးဝင်းကျော်	၁၂/အလန(နိုင်)၀၁၇၀၁၀	အလုံ(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၈၉)	ဦးကျော်သူရ	၁၂/အလန(နိုင်)၀၃၁၂၇၂	အလုံ(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၉၀)	ဦးဝင်းနိုင်(ခ) ဦးဝင်းနိုင်ဦး	၁၂/လမတ(နိုင်)၀၁၃၃၂၉	လမ်းမတော်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၉၁)	ဦးစိုးဝင်း	၁၂/ခရန(နိုင်)၀၁၃၀၇၈	လမ်းမတော်(၂)	တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ
(၉၂)	ဒေါ်ကြည်ကြည်မာ	၁၂/ကမတ(နိုင်)၀၄၇၆၄၅	ကြည့်မြင်တိုင်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၉၃)	ဦးမြင့်လွင်	၁၂/ကမတ(နိုင်)၀၁၁၉၇၆	ကြည့်မြင်တိုင်(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၉၄)	ဦးဌေးအောင်	၁၂/စခန(နိုင်)၀၁၂၂၇၄	စမ်းချောင်း(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၉၅)	ဦးမျိုးမင်းအောင်	၁၂/စခန(နိုင်)၀၀၅၉၈၁	စမ်းချောင်း(၂)	တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ
(၉၆)	ဦးအောင်ခင်	၁၂/ကမရ(နိုင်)၀၀၅၇၀၃	ကမာရွတ်(၁)	တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ
(၉၇)	ဦးမြငွေ	၁၂/ကမတ(နိုင်)၁၃၅၅၆၂	ကမာရွတ်(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၉၈)	ဦးမင်းလွင်	၁၂/လမန(နိုင်)၀၀၄၀၉၅	လှိုင်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၉၉)	ဦးသိန်းနိုင်	၁၂/လကန(နိုင်)၀၁၆၅၀၅	လှိုင်(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၁၀၀)	ဦးမင်းသိမ်းထွန်း	၈/ရစက(နိုင်)၀၉၅၃၃၈	မရမ်းကုန်း(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၁၀၁)	ဦးအောင်ကျော်ညွန့်	၉/လဝန(နိုင်)၁၃၀၅၆၉	မရမ်းကုန်း(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၁၀၂)	ဦးမြင့်ကြည်	၁၂/ဗဟန(နိုင်)၀၄၁၈၇၈	ဗဟန်း(၁)	ဒီမိုကရက်တစ် ပါတီ(မြန်မာ)
(၁၀၃)	ဒေါက်တာညိုညိုသင်း	၁၂/လမန(နိုင်)၀၉၈၃၉၉	ဗဟန်း(၂)	ဒီမိုကရက်တစ် ပါတီ(မြန်မာ)
(၁၀၄)	ဒေါ်မေသန်းနွယ်	၁၂/တမန(နိုင်)၀၄၁၃၉၆	ဒဂုံ(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၁၀၅)	ဦးဉာဏ်ထွန်းဦး	၁၂/မရက(နိုင်)၀၃၀၂၇၉	ဒဂုံ(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၁၀၆)	ဦးစံကျော်	၁၂/ဆကန(နိုင်)၀၀၀၈၄၃	ဆိပ်ကမ်း(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၁၀၇)	ဦးနေမျိုးအောင်	၁၂/ဆကန(နိုင်)၀၀၁၄၀၀	ဆိပ်ကမ်း(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၁၀၈)	ဦးစောထွန်းအောင်မြင့်	၁၂/ဒဂန(နိုင်)၀၁၂၇၄၅	ကရင် တိုင်းရင်းသား	ကရင်ပြည်သူ့ပါတီ
(၁၀၉)	ဦးဇော်အေးမောင်	၁၂/မဂတ(နိုင်)၀၆၆၉၆၀	ရခိုင် တိုင်းရင်းသား	ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

တရုတ် စူပါလိဂ်ထိပ်တန်းကလပ် ဒါလီယံအသင်း မြန်မာ့လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲ နှစ်ပွဲ ကစားမည်

နေပြည်တော် နိုဝင်ဘာ ၁၀

ယခုနှစ် ဒီဇင်ဘာလအတွင်း ဗီယက်နမ်နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံ တို့တွင် ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် AFF SUZUKI CUP 2010 ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် နိုဝင်ဘာ ၁၂ ရက်မှစ၍ စခန်းဝင်လေ့ကျင့်မည့် ပဏာမ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနှင့် ချစ်ကြည်ရေး ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန်အတွက် တရုတ်စူပါလိဂ်မှ ဒါလီယံ ကလပ်အသင်းသည် နိုဝင်ဘာ ၁၅ ရက်တွင် ရန်ကုန်မြို့သို့ ရောက်ရှိမည်ဖြစ်သည်။

ဒါလီယံအသင်းတွင် အုပ်ချုပ်နည်းပြနှင့် ကစားသမား စုစုပေါင်း ၃၀ ပါဝင်မည်ဖြစ်ပြီး ပဏာမ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနှင့် နိုဝင်ဘာ ၁၇ ရက်နှင့် ၁၉ ရက်တို့တွင် သုဝဏ္ဏလူငယ်အားကစားကွင်း လေ့ကျင့်ရေးစခန်းဘောလုံးကွင်း၌ ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဒါလီယံအသင်းတွင် တရုတ်လက်ရွေးစင် ကစားသမားလေးဦးနှင့် လူငယ်လက်ရွေးစင်ဟောင်း ကစားသမားအချို့လည်း ပါဝင်လာမည်ဟုသိရပြီး တရုတ်စူပါလိဂ်တွင် ထိပ်တန်းအဆင့်ရပ်တည်နေသော အသင်းဖြစ်ကြောင်း သိရသည်။

ပဏာမ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည် လောလောဆယ်တွင် ပဏာမလက်ရွေးစင် ၃၀ ရွေးချယ်ရန် လျာထားပြီး နည်းပြချုပ်အဖြစ် ဦးတင်မြင့်အောင်၊ လက်ထောက်နည်းပြများအဖြစ် ဦးဆန်းဝင်း၊ ဦးဇော်ဝင်းထွန်း၊ ဦးအောင်ကျော်ကျော်တို့ ပါဝင်ကြကာ အဖွဲ့ခေါင်းဆောင်အဖြစ် ဦးခင်မောင်ကြိုင်၊နည်းစနစ် အကြံပေးအဖြစ် ဦးတင်ဟန်တို့က တာဝန်ယူကြမည် ဖြစ်သည်။

အဆိုပါခြေစမ်းပွဲများကို ညနေ ၄ နာရီတွင် ကျင်းပသွားမည်ဖြစ်ပြီး ကွင်းဝင်ကြေးအဖြစ် အထူးတန်းငွေကျပ် ၁၀၀၀၊ ရိုးရိုးတန်းငွေကျပ် ၅၀၀ သတ်မှတ်ထားသည်။ ဒါလီယံအသင်းသည် ရန်ကုန်မြို့၌ ရှိစဉ် Managers Meeting ကို နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ Pre-Match Press Conference ကိုမွန်းလွဲ ၁ နာရီတွင်လည်းကောင်း Hotel Yangon ၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျန်ရှိသည့် ကိုယ်စားလှယ်များ၏ အမည်စာရင်းအား ဆက်လက်ထုတ်ပြန်သွားမည်

နေပြည်တော် နိုဝင်ဘာ ၁၀

၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ (၇)ရက်တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ လွှတ်တော်အသီးသီးအတွက် ရွေးကောက်တင်မြှောက်ခံရသူများအနက် ကျန်ရှိသည့် ကိုယ်စားလှယ်များ၏ အမည်စာရင်းအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လက်မှတ်ရ အဆင့်မြင့်မြေတိုင်းသင်တန်းနှင့် GPS & Google Earth လက်တွေ့အသုံးချနည်းသင်တန်းဖွင့်မည်

ရန်ကုန် နိုဝင်ဘာ ၁၀

CONCORDIA Int'l Co., Ltd. က လက်မှတ်ရအဆင့်မြင့် မြေတိုင်းသင်တန်း (၁၃/၂၀၁၀)ကို နိုဝင်ဘာ ၂၂ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိနှင့် GPS & Google Earth Software လက်တွေ့အသုံးချနည်း သင်တန်းကို နိုဝင်ဘာ ၂၂ ရက်မှ နိုဝင်ဘာ ၂၅ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ရှိ CONCORDIA သင်တန်းခန်းမ၌ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် Total Station လက်တွေ့အသုံးချ တိုင်းတာနည်း (Engineering Survey) Topo Survey Differential GPS နောက်ဆုံးပေါ် RTK ဖြင့် လက်တွေ့တိုင်းတာခြင်း) Handheld GPS လက်တွေ့တိုင်းတာခြင်းများနှင့် Google Earth Software လက်တွေ့အသုံးချနည်းနှင့် ပတ်သက်သော GPS Downloading and Processing to Garmin Mapsource & Google Earth Software များ ပြုလုပ်ခြင်းများကို သင်ကြားပို့ချသွားမည်ဖြစ်သည်။

ယခုဖွင့်လှစ်မည့် မြေတိုင်းသင်တန်းနှင့် GPS လက်တွေ့အသုံးချနည်းသင်တန်းကို နိုဝင်ဘာ ၁၅ ရက်မှ စတင်၍ သင်တန်းသားများလက်ခံပြီး အခြေခံပညာအထက်တန်းသို့မဟုတ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူများ၊ ဘွဲ့ရပြီး စိတ်ပါဝင်စားသူများ လျှောက်ထားနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ရန်ကုန်တွင် Concordia Co.,Ltd. သုံးလွှာနှင့် ငါးလွှာ ရွှေဂုံပလာဇာ ကမ္ဘာအေးစေတီလမ်း ဗဟန်းမြို့နယ် ဖုန်း-၀၁-၅၄၄၈၂၄၊ ၅၅၈၁၇၀၊ ၅၄၀၀၂၆၊ ၇၃၀၀၉၂၂၃၊ ၇၃၀၀၉၂၁၇၊ ၀၉-၅၀၀၅၉၁၂ Fax-၅၄၄၁၉၉ တို့သို့ စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ - ဗီယက်နမ် စီးပွားရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှ အထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေးအား မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သံရုံးမှ စီးပွားရေးသံမှူး Mr. Hoang Thinh Lam သည် နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းတွင် အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအကြား ကုန်ပစ္စည်းလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးပွဲကို နိုဝင်ဘာ ၁၆ ရက်တွင် ကျင်းပရန်နှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်း၊ ရေထွက်ပို့ကုန်ပစ္စည်းလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းအမျိုးမျိုး၊ ဆေးနှင့်ဆေးပစ္စည်းဆိုင်ရာလုပ်ငန်း၊ လျှပ်စစ်ပစ္စည်းများလုပ်ငန်း၊ ခရီးသွားလုပ်ငန်း စသည်တို့ကို အကျိုးတူ ပူးပေါင်းဆောင်ရွက်လုပ်ကိုင်နိုင်ရန်နှင့် ရောင်းဝယ်မှု ပြုလုပ်နိုင်ရန် ဆွေးနွေးကြမည်ဖြစ်ရာ မြန်မာစီးပွားရေးလုပ်ငန်းရှင်များသည် UMFCCI ဖုန်း- ၂၁၄၃၄၄ နှင့် ၂၁၄၃၄၉ တို့သို့ ဆက်သွယ် အမည်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

MFF Futsal Championship 2010 ပြိုင်ပွဲ တစ်နိုင်ငံလုံးမှ အသင်းများ ပါဝင်ရန်ဖိတ်ခေါ်ထား

နေပြည်တော် နိုဝင်ဘာ ၁၀

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှကြီးမှူး၍ Myanmar Brewery Ltd. ၏ အဓိကကူညီပံ့ပိုးမှုဖြင့် ကျင်းပမည့် MFF Futsal Championship 2010 ဘောလုံးပြိုင်ပွဲကို နိုဝင်ဘာ ၂၇ ရက်မှစတင်၍ ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်ဝင်းအတွင်းရှိ အမျိုးသား အားကစားပြိုင်ပွဲရုံ (၂)၌ ကျင်းပသွားမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အသင်းများအပါအဝင် ယှဉ်ပြိုင်လိုသည့် အဆင့်မီဖူဆယ်အသင်းများအားလုံး ပါဝင်ယှဉ်ပြိုင်ခွင့်ရှိပြီး ဆုကြေးများကိုလည်း ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်သည်။

ယင်း ဖူဆယ်ဘောလုံးပြိုင်ပွဲကြီးကို မြန်မာ့ဖူဆယ် ဘောလုံးအားကစား တိုးတက်ဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေရန်နှင့် အနာဂတ် မြန်မာ့ဖူဆယ် လက်ရွေးစင်အသင်းအတွက် အားထားရသည့် မျိုးဆက်သစ် ဖူဆယ်ကစားသမားလေးများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး ယခုပြိုင်ပွဲမှ ခြေစွမ်းပြနိုင်သူများကိုလည်း နိုင်ငံတကာပြိုင်ပွဲများအတွက် ပဏာမမြန်မာ့လက်ရွေးစင်များအဖြစ် ရွေးချယ်လေ့ကျင့်သွားရန် စီစဉ်ထားသည်။

နယ်မှ ပါဝင်ယှဉ်ပြိုင်လိုသည့် အသင်းများအတွက်လည်း နေထိုင်ရန် နေရာထိုင်ခင်းစီစဉ်ပေးမည့်အပြင် စားသောက်စရိတ်ကိုလည်း မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ၅၀ ရာခိုင်နှုန်း ကျခံပေးမည်ဟုသိရပြီး ပါဝင်ယှဉ်ပြိုင်လိုသော အသင်းများအနေဖြင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်ကော်မတီရုံး ဖုန်း-၀၁-၅၇၇၃၆၆ နှင့် ၅၆၁၅၃၉၊ ဦးရဲထွန်းတင် ဖုန်း-၀၉-၅၀၁၅၅၆၁ နှင့် ဦးကြည်မင်းသိန်း ဖုန်း-၀၉-၈၀၃၀၅၂၂ တို့ထံ အသေးစိတ်ဆက်သွယ်စုံစမ်း၍ နိုဝင်ဘာ ၂၀ ရက်နောက်ဆုံးထား၍ ရုံးချိန်အတွင်း စာရင်းပေးသွင်းနိုင်ကြောင်း၊ ပြိုင်ပွဲနှင့် စပ်လျဉ်း၍ အသေးစိတ် သတင်းစာရှင်းလင်းပွဲကို နိုဝင်ဘာ ၂၀ ရက် ညနေပိုင်းတွင် ကျင်းပရန် စီစဉ်ထားပြီး ကျင်းပမည့် အချိန်နှင့်နေရာကို ထပ်မံကြေညာ ပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိုင်းမှူး ပိုလ်မှူးချုပ်စိုးသိန်း တိုင်းမှူးတံခွန်စိုက်ဒိုင်း ပြေး၊ ခုန်၊ ပစ် အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၀

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး တံခွန်စိုက်ဒိုင်း ပြေး၊ ခုန်၊ ပစ် အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁ ရက်တွင် စစ်တွေမြို့ရှိ အားကစားကွင်း၌ ကျင်းပရာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း၊ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဖိတ်ကြားထားသူများ၊ အားကစားဝါသနာရှင်ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူးက ဒိုင်အဖွဲ့ဂုဏ်ပြုဆု၊ ဘင်ခရာအဖွဲ့ဂုဏ်ပြုဆုနှင့် အသင်းလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရအသင်းများအား ဆုများကို ပေးအပ်ချီးမြှင့်ပြီး ပထမဆုရရှိသည့်အသင်းအား တံခွန်စိုက်ဒိုင်းကြီးကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမက (၉) ကမာရွတ် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်နွယ် ပထမတန်း ပထမဆုရ မသွယ်သွယ်စန်းအား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ကျိုက်ထိုမြို့နယ် အကြိုအခြေခံမီးသတ်သင်တန်းဆင်းပွဲ ကျင်းပ

ကျိုက်ထို နိုဝင်ဘာ ၁၀

ကျိုက်ထိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဖွင့်လှစ်သည့် အကြို အခြေခံမီးသတ်သင်တန်း (၁/၂၀၁၀) သင်တန်းဆင်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၆ ရက် နံနက် ၁၀ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်အောင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ မီးသတ်ဦးစီးမှူး ဦးတင်ထွေးနှင့် သန္ဓေ အရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးဘေးတားဆီးရေးနှင့် ကြီးကြပ်ရေးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်ခင်အောင်က အရန်မီးသတ်တပ်ဖွဲ့များ စွမ်းရည်ထက်မြက်ရေးနှင့် စနစ်တကျ တာဝန်ထမ်းဆောင်နိုင်ရေး ကိစ္စများ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ထွေးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြောင်း သိရသည်။ (သတင်းစဉ်)

အင်ပူမြို့နယ် ထန်းပင်ကုန်းဈေးအတွင်း အိုင်အိုဒင်းဆား ရောင်းချမှုကို စည်ပင်သာယာရေးအဖွဲ့၊ ကျန်းမာရေးဦးစီးဌာန၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် ဈေးမိဈေးဖတို့ ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်ဦး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အထက ပုတီးကုန်း အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၀

ပုတီးကုန်းမြို့ အထက ကျောင်းသားဟောင်းများ၏ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲတွင် အသက် (၁၀၁)နှစ်ပြည့် ဆရာကြီးဦးစံသင်အား အထူးပူဇော်ပွဲနှင့် ဆရာကြီးအပါအဝင် ဆရာ၊ ဆရာမ ၆၇ ဦးတို့အား ပူဇော်ပွဲကို ဒီဇင်ဘာ ၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း မြည်းလာခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ပညာရည်ချွန်ဆုပေးပွဲ (ပုတီးကုန်းအသင်း၊ရန်ကုန်)ကို မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ ဦးချစ်ရင် ဖုန်း-၂၉၁၆၆၈၊ဒေါ်မြသွင် ဖုန်း-၅၄၆၈၇၉၊ ဦးအောင်တင် ဖုန်း-၀၉-၅၃၇၆၀၅၅၊ ဦးမြင့်ဆွေ ဖုန်း-၀၉၅၁၃၇၅၆၇၊ ဦးအေးချို ဖုန်း-၅၀၁၆၆၃၊ ex-၄၁၂၊ ဦးတင်လှ ဖုန်း-၀၅၃-၆၅၀၉၅၊ ဦးခင်ကျော် ဖုန်း-၇၃၀၇၈၁၈၊ ဦးကြည်လွင် ဖုန်း-၅၁၂၈၃၅၊ ဦးမျိုးမြင့်ရွှေ ဖုန်း-၀၉-၅၃၇၆၀၅၅၊ ဦးလှဝင်း ဖုန်း-၀၉-၅၁၃၁၆၅၈၊ ဦးမောင်မောင် ဖုန်း-၅၂၇၇၂၉၊ ဒေါက်တာအေးငယ်ငယ် ဖုန်း-၃၈၇၆၂၂ နှင့် ဒေါက်တာနေလင်း ဖုန်း-၀၇၂၂၁၃၁ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

သောက်သုံးရေရရှိရေး ရှာငံ၌ ဆောင်ရွက်

ရှာငံ နိုဝင်ဘာ ၁၀

ရှာငံမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့ရေပေးရေးအတွက် ကျောက်မြောင်း (ရေးဦးရွာ)အနီးရှိ ရန်ငြိမ်းအောင် တစ်ဖက်ဆည်မြေသားတမံ မွမ်းမံပြုပြင်ခြင်းနှင့် သွယ်တန်းထားသော ရေပိုက်များမှ အနည်များထုတ်ခြင်း၊ ရေပိုက်ပြုပြင်ခြင်းတို့ကို နိုဝင်ဘာ ၂ ရက်က အမှုဆောင်အရာရှိ ဦးမြတ်ခန့်အေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းသီဟထွန်းတို့၏ ကြီးကြပ်မှုဖြင့် အဖွဲ့ဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ (မြို့နယ်စည်ပင်)

ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ၁၉၇၅-၇၉ ခုနှစ် ဓာတုဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ ဆရာကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၀

ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ဓာတုဗေဒ ကုန်ထုတ်ဓာတုဗေဒဌာန၌ ပညာသင်ကြားခဲ့သော (၁၉၇၅-၁၉၇၉) ခုနှစ် ကျောင်းသား၊ ကျောင်းသူများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၃၀ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ရတနာလမ်း (၁၆/၂) ရပ်ကွက် စွန်းလွန်းဂူဝိပဿနာကျောင်း ဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေထည့်ဝင်လိုသူများသည် ဦးရှိန်းယော ဖုန်း-၀၉-၅၁၈၈၄၂၂၊ ဦးကျော်သိန်း ဖုန်း-၀၉- ၅၀၉၁၂၁၉၊ ဦးဟံသာထွန်း ဖုန်း-၀၉-၅၁၃၇၀၇၆၊ ဦးခင်မောင်သိန်း ဖုန်း-၀၉-၅၀၁၉၄၁၇၊ ဦးသိန်းဇော်-ဒေါ်ခင်ထွေးရီ ဖုန်း-၀၉-၅၁၃၅၈၁၄၊ ဦးထွန်းစိုး- ဒေါ်သန်းသန်းအေး ဖုန်း-၀၉-၅၁၄၅၉၆၇၊ ဒေါ်မြင့်မြင့်အေး ဖုန်း-၀၉-၅၁၆၉၃၁၇၊ ဒေါ်ချယ်ရီထွန်း ဖုန်း-၀၉-၅၁၂၂၉၈၀၊ ဒေါ်သန်းသန်းအေး ဖုန်း-၀၉-၅၁၆၀၀၈၆၊ ဦးမြဝင်း(IC) ဖုန်း-၀၉-၉၉၂၈၈၃၀၊ ဦးခင်မောင်တင်ရှိန် ဖုန်း-၀၉-၅၁၀၇၃၂၂၊ ဒေါ်သန့်စင်မြင့် ဖုန်း-၀၉-၅၁၀၀၆၂၆၊ ဒေါ်ခင်မြသွယ် ဖုန်း -၀၁-၅၂၄၀၃၉၊ ဒေါက်တာချိုချိုဦး (IC) ဖုန်း-၀၁-၆၆၁၈၆၅၊ ဦးစိုးဝင်းညဏ် ဖုန်း-၀၉-၅၁၂၃၆၅၀၊ ဦးဒေဝ ဖုန်း-၇၃၀၁၁၈၃၃၊ ဒေါ်ခင်အေးသာ ဖုန်း-၀၁-၅၇၉၈၃၃နှင့် ဦးခင်မောင်ဝင်း(IC) ဖုန်း-၀၉-၅၀၀၇၅၆၀၊ ၀၉-၈၆၁၉၁၉၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(ကြေးမုံ)

စက်ရေတွင်းတူးဖော်

မြင်းမူ နိုဝင်ဘာ ၁၀

မြင်းမူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးရွာများတွင် စက်ရေတွင်းများ တူးဖော်ပေးလျက်ရှိရာ တောချောင်းဦးကျေးရွာ၌ နှစ်လက်မ စက်ရေတွင်း တစ်တွင်းကို အနက်ပေ ၄၅၀ အထိ တူးဖော်ပေးခဲ့ပြီး တစ်နာရီလျှင် ရေဂါလန် ၁၃၀၀ ထွက်ရှိကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

(ကြာသပတေးနေ့-နံနက်-နေ့လယ်-ည) ၁၁-၁၁-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တရားတော် (မင်္ဂလသုတ်) ဓမ္မပူဇာတေးတေးပဒေသာ
၇း၃၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၈း၃၀	လောကနီတိအသိရှိစေဖို့ (နီတိအကြောင်း)
၈း၃၅	တေးပဒေသာ
၁၀း၀၀	မင်္ဂလာလက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅	ညွှန်းဖွဲ့သီရေး သူ့အလှည့်တေး (စိုးလင်း)
၁၁း၄၅	သိပ္ပံပညာသိကောင်းစရာ (သိပ္ပံသတင်းအတိုအထွာ)
၁၁း၅၅	တေးသီချင်း
၁၂း၀၀	စံတော်ချိန် ဇာနည်စစ်သည်တေးပန်းချီ
၁၂း၂၀	ယဉ်ကျေးမှုအနုပညာ (ညောင်ဗုဒ္ဓဟေ)
၁၂း၃၀	Music Talk တေးပဒေသာ
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	တေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀	အမှတ်တရတေးလက်ဆောင်
၅း၁၀	ဘဝတစ်ကွေ့အတွေ့အကြုံ (ပွင့်ဆဲပန်းတိုင်းလန်းပါစေ) တေးပဒေသာ
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၀	ရေဒီယိုဇာတ်လမ်းတွဲများ (နှလုံးသားပြိုင်ပွဲ) (အပိုင်း-၂)
၆း၀၀	ညနေခင်းသတင်း
၆း၁၀	ညနေခင်းတေးပဒေသာ
၆း၂၅	ကျေးလက်ဇာတ်လမ်း (ခင်ကြီးကျယ်)
၆း၄၅	ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၇း၀၀	နိုင်ငံတကာသတင်း
၇း၀၅	ညချမ်းချိန်ခါတေးပဒေသာ နိုင်ငံရေးဦးတည်ချက်
၇း၃၀	သုတစုံကြွယ်သိစေဖွယ် (မိတ္တူစက်ရဲ့အသုံးဝင်ပုံနှင့် သဘာဝ)
၇း၄၀	ရေဒီယိုအတိုတ်တေးအရိပ်
၈း၀၀	ပြည်တွင်းသတင်း
၈း၂၀	ချမ်းမြေ့သာယာသီရိဂေဟာ (တေးသံရှင် Lခွန်းရီနှင့် ဦးသောင်းထိုက်တို့ဇနီးမောင်နှံ)
၈း၅၀	စီးပွားရေးဦးတည်ချက် တေးသံစုံ (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့)
၉း၀၀	ဆောင်းပါး (စိတ်ဓာတ်တည်ငြိမ်ရင့်ကျက်ဖို့)
၉း၀၅	ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၁၀း၀၀	အစီအစဉ်ပြီး၏။

အမြို့မြို့အနယ်နယ်တွင် သာယာစည်ပင်

တိုက်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းများ ကောင်းမွန်ရေးအတွက် ဆောင်ရွက်နေမှုကို ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်း အောက်တိုဘာ ၃ရက်က ကြည့်ရှုစစ်ဆေးရာ အဖွဲ့အမှုဆောင်အရာရှိ သူရဦးမြင့်သူ ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးကျော်စိုးမင်းနှင့်အဖွဲ့ ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ယာဉ်စက်များ ကြံ့ခိုင်မှုနှင့် ဘဏ္ဍာရေးနှစ်အတွင်း ယာဉ်စက်ပြင်ဆင်ထိန်းသိမ်းမှုလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကိုကိုနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းမြင့်အောင်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မိုးကုတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးအတွက် မြို့တွင်းလမ်းဘေး ဝဲ၊ယာ ပလက်ဖောင်း ဆေးသုတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးပြည်စိုးနှင့် အင်ဂျင်နီယာမှူး ဦးဝင်းမြင့်တို့က ကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်တင်ယုကျော် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သပိတ်ကျင်းမြို့ သာယာလှပရေးအတွက် မြို့အဝင်မုခ်ဦး သံပန်းအလှကာရံခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ (၂) ဦးမြင့်အောင်က တာဝန်ယူဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးအောင်ကျော်ဟိန်း ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

✳ ကျောဖုံးမှ

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်ရှိ ဒေသခံတိုင်းရင်းသားများသည် နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် မိုးစပါး၊ နွေစပါး၊ အစေ့ထုတ်ပြောင်း၊ နေကြာ၊ မိုးမြေပဲ၊ ဆောင်းမြေပဲ၊ မိုးနှမ်း၊ ဆောင်းနှမ်း၊ နွေနှမ်း၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ကော်ဖီ၊ အခြားသီးနှံ၊ ဘိုကိတ်၊ ငရုတ်ကောင်းနှင့် ဂုန်လျှော်တို့ကို အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြသည်။

မြောင်းမြခရိုင်တွင် မြောင်းမြမြို့နယ်၊ အိမ်မဲမြို့နယ်၊ ဝါးခယ်မမြို့နယ်တို့ ပါဝင်ကြသည်။

စပါးစိုက်ပျိုးထုတ်လုပ်မှု မြင့်မားသော မြောင်းမြခရိုင်၏ ရေတော်မိုးတော် မိုးစပါး ထွန်တုံးပိတ်ပွဲကို ကောက်စိုက် လုံမေများ တပျော်တပါး ပါဝင်ဆင်နွှဲစဉ်။

မြောင်းမြမြို့ တည်နေပုံကား သာယာလှပြီး ကြည်နူးဖွယ်ကောင်းလှသည်။ ရောက်ရှိလာသူများ၏ စိတ်နှလုံးကို သာယာချမ်းမြေ့စေပါသည်။ မြို့သာယာလှပပြီး သန့်ရှင်းမှုရှိ၍ ဝန်ထမ်းများ ဆက်ဆံရေးကောင်းမွန်လှသည်ကိုလည်း တွေ့မြင်ခဲ့ရသည်။

ဌာနဆိုင်ရာအသီးသီး၏ နေ့မအား ညမနား ကြိုးပမ်းဆောင်ရွက်ကြသဖြင့် မြောင်းမြခရိုင်သည် အကောင်းဆုံးစပါး ဝယ်ယူမှုရရှိခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး၏ စပါးကျီဖြစ်စေရန် ဆောင်ရွက်ခဲ့သည့် ခရိုင်ဖြစ်ကြောင်း သိသာထင်ရှားပေသည်။

မြောင်းမြခရိုင်၏ အရှေ့မြောက်ဘက်တွင် မအူပင်ခရိုင် မအူပင်၊ ပန်းတနော်၊ ကျိုက်လတ်မြို့နယ်၊ အရှေ့တောင်ဘက်တွင် လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ တောင်ဘက်တွင် လပွတ္တာခရိုင် လပွတ္တာမြို့နယ်၊ အနောက်ဘက်တွင် ပုသိမ်ခရိုင် ငပုတော၊ ပုသိမ်နှင့် ကန်ကြီးထောင့်မြို့နယ်တို့နှင့် ထိစပ်လျက်ရှိသည်။

မြောင်းမြခရိုင်တွင် ဖွဲ့နုဆီစက်၊ ဂုန်နီစက်ရုံ၊ လျှော်ရွှေးလျှော်ထုပ်စက်ရုံ၊ တန် ၂၅၀၊ တန် ၁၀၀ ဆန်စက်၊ ကြာဆံစက်များ ရှိကြသည်။

မြောင်းမြခရိုင်တွင် လမ်း၊ တံတားများ ကွန်ရက်သဖွယ်ရှိနေပြီး ကျောင်းကုန်း - ကျုံပျော်လမ်း၊ ပုသိမ်-မြောင်းမြလမ်း၊ မြောင်းမြ-ငပုတောလမ်း၊ လပွတ္တာ-ရှမ်းစု၊ ကျုံမငေးလမ်းများရှိကာ ပင်လယ်လေးကြိုးတံတား၊ မြောင်းမြကြီးတံတား၊ ကံကြီးတံတား၊ မြင်းကဆိပ်တံတား၊ ရွှေလောင်းတံတား၊ ကျွန်းကုန်းတံတားများ ရှိနေခြင်းကြောင့် သွားလာမှု လွယ်ကူစေသည်။

မြောင်းမြမြို့သို့ မြန်မာနိုင်ငံအရပ်ရပ်မှ မော်တော်ကားများဖြင့် သွားလာနိုင်သကဲ့သို့ ရေကြောင်းမှလည်း မြောင်းမြ - ရန်ကုန်၊ မြောင်းမြ-ပုသိမ်၊ မြောင်းမြ-လပွတ္တာ ခရီးစဉ်များကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် သင်္ဘောများဖြင့် သွားလာနိုင်ကြပေသည်။ မြင်းကောင်ရေ ၂၀ အောက် စက်တပ်ရေယာဉ်များကို လိုင်စင်ထုတ်ပေးပြီး အနီးတစ်ဝိုက်ရှိ မြို့နယ်များသို့ သွားလာနိုင်ကြသည့်အတွက် ကျေးရွာနှင့် မြို့ပြ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး ကွာခြားချက်များ လျော့နည်းလျက်ရှိသည်ကို တွေ့ရသည်။

မြောင်းမြမြို့အဝင်ဆိုင်းဘုတ်နှင့် မြေယာရှုခင်းအလှကို ဤသို့ တွေ့ရသည်။

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း၊ တယ်လီဖုန်းလိုင်းများ ရှိနေခြင်းကလည်း မြို့၏တိုးတက်မှုကို ပိုမိုမြင့်မားစေပါသည်။ လျှပ်စစ်ဓာတ်အားများကိုလည်း နေ့ရောညပါ အသုံးပြုလျက်ရှိနေသည်ကို တွေ့ရပေသည်။

ဆေးရုံဆေးပေးခန်း၊ ကျေးလက်ကျန်းမာရေးဌာနများ ရှိနေခြင်းများကလည်း မြောင်းမြခရိုင်အတွင်း မှီတင်းနေထိုင်သော ပြည်သူများအား ကျန်းမာရေး ကောင်းမွန်စေသည်။

လယ်ယာစိုက်ပျိုးရေးကို အဓိကထား စိုက်ပျိုးလျက်ရှိရာ ဧရိယာ ၇၆၂၂၈၁ ဧကရှိပေသည်။ မိုးစပါးလျာထားချက် ၄၉၀၇၈၆ ရှိရာ ၄၉၀၇၉၁ စိုက်ပျိုးပြီးဖြစ်၍ ယမန်နှစ်ကထက် ၁၃၉ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့သည်။ ဂုန်လျှော်ကို ၄၄၀၀၀၀ ဝယ်ယူရရှိရာ ၆၁ ဒသမ ၂၁ ရာခိုင်နှုန်း ယမန်နှစ်ကထက် ပိုမိုရရှိသည်။ နွေစပါး ၂၈၉၀၂၈ ဧက စိုက်ပျိုးနိုင်ခဲ့သည်။

ပြည်သူများ၏ ကျန်းမာရေးအတွက် ဆေးရုံသုံးရုံ၊ တိုက်နယ်ဆေးရုံ လေးရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၅၃ ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၆၂ ခု ရှိပေသည်။

မြောင်းမြခရိုင်သည် ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ဌာနဆိုင်ရာများ၏အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်မှုကြောင့် ယခုအခါ များစွာ တိုးတက်ပြောင်းလဲနေပြီဖြစ်သည်။

ဆည်မြောင်းဌာနက ရေထိန်းတံတား၊ ရေထုတ်၊ ရေသွင်း ဆောင်ရွက်ပေးနိုင်သည့်အတွက် စိုက်ပျိုးရေးကို များစွာ အထောက်အပံ့ဖြစ်စေသည်။ ဂုန်လျှော်များ ဝယ်ယူနိုင်ရန် အဝယ်ဒိုင်စခန်းဖွင့်ပေးထားသည့်အတွက် ဂုန်လျှော်များ ဝယ်ယူရရှိနိုင်ခဲ့ခြင်းဖြစ်သည်။ မြေစာရင်းဌာနကလည်း စနစ်တကျ ဆောင်ရွက်ပေးမှုကြောင့် လယ်မြေများ ချောမောကောင်းမွန်စွာ စိုက်ပျိုးနိုင်ခဲ့ပေသည်။

မည်သို့ပင်ဆိုစေ မြောင်းမြခရိုင်သည် ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှု၊ ခရိုင်၊ မြို့နယ်နှင့် ကျေးရွာများမှ တာဝန်ရှိသူများ၏ စနစ်တကျ ကြိုးပမ်းဆောင်ရွက်စည်းရုံးမှု၊ ဒေသခံတိုင်းရင်းသားပြည်သူများ၏ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်သကဲ့သို့ စိုက်ပျိုးစီးပွားမြင့်မားလာစေရန် အတွက်လည်း အားနှင့်မာန်နှင့် လုံ့လနှင့် ဘက်စုံဖွင့် ရွက်ကုန်လွှင့်ကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ပူးတွဲလေ့ကျင့်ရန် မြန်မာ့လက်ရွေးစင် တင်းနစ်အဖွဲ့ ထိုင်းနိုင်ငံသို့ ထွက်ခွာ

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ပူးတွဲလေ့ကျင့်မှုများပြုလုပ်ရန်နှင့် တင်းနစ်ပြိုင်ပွဲများ ယှဉ်ပြိုင်ရန်အတွက် မြန်မာတင်းနစ်အဖွဲ့ဝင်များ ထိုင်းနိုင်ငံသို့ မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တွေ့ရစဉ်။
(တင်းနစ်အဖွဲ့ချုပ်)

ရန်ကုန် နိုဝင်ဘာ ၁၀

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်သည် ၂၀၁၁ ခုနှစ် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံ၌ ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိစေရန် နိုဝင်ဘာ ၉ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ တင်းနစ်အားကစားနည်းကို ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ရန်နှင့် တင်းနစ်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် မြန်မာနိုင်ငံတင်းနစ် အဖွဲ့ချုပ်မှ အဖွဲ့ဝင်ခြောက်ဦးသည် နိုဝင်ဘာ ၈ ရက် ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသည်။

မြန်မာ့လက်ရွေးစင် တင်းနစ်အဖွဲ့ကို မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် အတွင်းရေးမှူး ဦးလေးနိုင်နှင့် တွဲဖက်အတွင်းရေးမှူး ဦးထွန်းငွေတို့က အုပ်ချုပ်သူများအဖြစ် လိုက်ပါဆောင်ရွက်ကြပြီး တင်းနစ်အားကစားသမားများအဖြစ် ဖြိုးမင်းသာ၊ အောင်ကျော်နိုင်၊ အောင်ကိုဦးနှင့် နောင်စစ်သူဇော်တို့ လိုက်ပါသွားသည်။

ပံ့ပိုးကူညီ

ယခုပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ရန် ထွက်ခွာသွားသော မြန်မာ့လက်ရွေးစင် တင်းနစ်အဖွဲ့ကို MYANMAR C. P Livestock Co., Ltd. က အဓိက ပံ့ပိုးကူညီခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၁၁-၂၀၁၀ (ကြာသပတေးနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"မင်္ဂလာအပေါင်းနှင့် ခညောင်းပါစေ" တရားတော် (သန္တာဦးဆရာတော် ဘဒ္ဒန္တဝဏ္ဏသာမိ)
၆း၃၅	တောင်ကြီးမြို့ရဲ့တုမရှိ လောကချမ်းသာစူဠာမုနိ
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၇၁)**
၇း၃၀	**MRTV-4** သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၃၈)**
၈း၅၀	သက်တော်ရှည် ကစင်ဆရာတော်ကြီး ဘဒ္ဒန္တသုမနမဟာထေရ်၏ ဝိဇာတမင်္ဂလာ
၉း၀၅	အနုပညာရုပ်ဝန်းမှရင်ခုန်သံများ (အချစ်လားလာထား)
၉း၃၅	Science For All (လူသားတိုင်းအတွက် ဗီတာမင်လက်နက်) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ကျော်သူလင်း)
၁၀း၀၅	Activities In The City (စုဒ္ဒသမအကြိမ်ချမ်းအေးဓမ္မ စာဆိုပညာရှင်ကြီးများအား ပူဇော်ဂုဏ်ပြုပွဲ)
၁၀း၁၀	ကျန်းမာသုတဖြန့်ဝေရာ Family Health ဂျာနယ်မှာ
၁၀း၂၅	ရန်ကုန်မြင်ကွင်းကျယ် (Dumex နို့မှုန့်မှ အာဟာရ တိုက်ကျွေးမှုအစီအစဉ်)
၁၀း၄၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁း၁၀	The Champion of Dance
၁၁း၄၀	MRTV-4 ကာတွန်းအစီအစဉ် "ဒဏ္ဍာရီထဲကဓား"(အပိုင်း-၂၄)
၁၂း၀၅	တစ်သက်တာစိတ်အေးဖို့ သစ်မွှေးစိုက်ကြစို့
၁၂း၂၅	ရန်ကုန်မြင်ကွင်းကျယ် (Bossini ရဲ့ Best of This Seasonal Show 2010)
၁၂း၄၀	ပညာရည်ချွန်ဆုပေးပွဲ [ကျောက်ဆည်အသင်း(ရန်ကုန်)]
၁၂း၅၀	ရန်ကုန်မြင်ကွင်းကျယ် (Curtin Seminar 2010)
၁း၀၀	"မင်္ဂလာအပေါင်းနှင့် ခညောင်းပါစေ"တရားတော် (သန္တာဦးဆရာတော် ဘဒ္ဒန္တဝဏ္ဏသာမိ)
၁း၄၅	အံ့ဖွယ်ထူးခြား ကလောမဟာမုနိ ဆုတောင်းပြည့်နိုးဘုရား
၂း၀၀	MRTV-4 သတင်း
၂း၂၀	Quiz Idol [အထက(၁)ဒဂုံနှင့် အထက(၂)တာမွေ]
၃း၀၅	"ကေကေတီ"တေးအယ်လ်ဘမ်
၃း၁၅	Activities In The City (ရခိုင်ပြည်နယ်ရှိ ဂီရိမုန်တိုင်းသင့် ပြည်သူများအတွက် အလှူငွေ လှူဒါန်းပွဲအခမ်းအနား)
၃း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၇၁)**
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၃၈)**
၅း၀၅	ကော့ကရိတ်မြို့နယ်မှ ညီညာဖြိုးကမ်းနီအလှ
၅း၂၀	ဓာတ်ပုံထဲမှအမှတ်တရများ (အောင်ရဲလင်း)
၅း၃၀	MRTV-4 ကာတွန်းအစီအစဉ် "ဒဏ္ဍာရီထဲကဓား"(အပိုင်း-၂၄)
၆း၀၀	MRTV-4 သတင်း
၆း၂၀	ရန်ကုန်မြင်ကွင်းကျယ် (Singapore ကျောင်းပေါင်းစုံ အဆင့်မြင့်ပညာရေးပြပွဲ)
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၇၂)**
၇း၁၅	Style ရှိမှ Star ဖြစ်မယ်
၈း၀၀	MRTV-4 သတင်း
၈း၃၀	စကားနပန်း (ဒေါ်သကြီးတာကောင်းတယ်၊ ဒေါ်သမကြီးတာကောင်းတယ်)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၃၉)**
၁၀း၂၀	အနုပညာမိုးကောင်းကင်
၁၀း၄၅	ဂီတသရုပ်ပြခန်း (ပန်းသုံးပွင့်အလွမ်းအိမ်)
၁၁း၀၀	ခံစားချက်တို့ပေါင်းစုံရာ. . . ပေလီကမ်းခြေသာ
၁၁း၂၀	ရေမြင့်. . . ကြာတင့် (ခန့်စည်သူ၊ ဇေရာ၊ ငှက်ပျောကြော်၊ ထင်ပေါ်၊ မိုးပြည့်ပြည့်မောင်၊ တက္ကသိုလ်ဂွမ်းပုံ၊ မျိုးမျိုးခိုင်) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၁၁း၃၅	သင်ယူလေ့လာဂီတပညာ (Film Score Module 02) (Part-1)
၁၁း၅၀	Celebrity Profilc (မန္တလေးသိန်းဇော်)
၁၂း၂၅	နယ်ဥဆန်းထွင် ပန်းအလှဆင် ("Diamond" ပုံပန်းအိုးထိုးနည်း)
၁း၀၀	လင်းလက်တောက်ပမီးဆိုင်းအလှ
၁း၁၅	လေ့လာမြတ်နိုးထိန်းသိမ်းဖို့ရာ မြန်မာ့ရိုးရာအနုပညာ (ရုပ်ရှင်နှင့်ပြဇာတ်ပညာဌာန အကြောင်းသိကောင်းစရာ)
၁း၄၀	တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)
၂း၀၀	ကွမ်းစားခြင်းနှင့်ခံတွင်းရောဂါ အန္တရာယ်(ပါမောက္ခဦးမြသော်)
၂း၂၀	ဖန်ဆင်းရေးခြယ်လက်ရာ အသွယ်သွယ်
၂း၅၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၃း၅၅	The Smiling of Angkor
၄း၄၀	ထူးထူးခြားခြားသစ်ခေါက် ပန်းချီကား
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မော်လမြိုင် စက်မှုလက်မှုသိပ္ပံ အာစရိယပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၁၀

မော်လမြိုင် စက်မှုလက်မှုသိပ္ပံ အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၂ ရက်(တနင်္ဂနွေနေ့)တွင် မော်လမြိုင် ဓမ္မာရုံ (ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်)၌ ကျင်းပမည်ဖြစ်ပါ၍ ကိုကျော်ကျော်ဦး 85C - ၀၁ - ၇၁၀ ၁၉၆၊ ကိုရွှေဝင်း 86 MP- ၀၉-၆၃၁ ၂၃၉၇၊ ကိုစိုးမြင့်သိန်း 86 MP - ၀၁-၇၃၀၅၇ ၀၇၅၊ ကိုဟန်မြင့်ထွန်း 87 MT-၀၉- ၆၃၀၀၇၃၆၊ ကိုမိုးဇော်ထွန်း 91 MP-၀၉-၅၀၉၂ ၁၀၅၊ ကိုကြည်စိုး 91 MT - ၀၉-၈၇၃၀၃၃၁၊ ကိုသက်လွင်ဦး 91MT-၀၉-၅၁၆၇၈၅၂၊ ကိုမျိုးမြင့်ဦး-မသင်းသင်းအောင် 93 EP+C - ၀၉-၈၆၂၂၂၈၀၊ ကိုမြတ်ထွန်း - 93 EP- ၀၅၇-၂၇၅၇၅၊ ကိုမျိုးဝင်းထွန်း- 94C- ၀၅၂-၂၀၀၆၀၀၊ ကိုခင်ထွန်း 96MP- ၀၉-၅၃၂၀၄၉၇၊ ကိုထွန်းနိုင်ဦး 99 MP-၀၁-၇၀၄၁၆၉ တို့သို့ ဆက်သွယ်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။

(ကြေးမုံ)

(၁၆)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်အားကစားအဖွဲ့များ ကွမ်ကျိုးမြို့သို့ ထွက်ခွာ

ရန်ကုန် နိုဝင်ဘာ ၁၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျိုးမြို့၌ နိုဝင်ဘာ ၁၂ ရက်မှ ၂၇ ရက်အထိ ကျင်းပမည့် (၁၆)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် ဦးဆောင်သော အုပ်ချုပ်မှုအဖွဲ့ဝင်များ၊ မြန်မာ့လက်ရွေးစင် အားကစားအဖွဲ့ဝင်များသည် ယနေ့နံနက် ၁၁ နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားကြရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများနှင့် မိဘဆွေမျိုးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာနိုင်ငံအနေဖြင့် ကျင်းပပြီးစီးခဲ့သည့် အာရှအားကစားပြိုင်ပွဲ သမိုင်းတစ်လျှောက် ၁၉၅၁ ခုနှစ် အိန္ဒိယနိုင်ငံတွင် ကျင်းပခဲ့သည့် ပထမအကြိမ် အာရှအားကစားပြိုင်ပွဲမှ စတင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ၁၉၈၂ ခုနှစ် တောင်ကိုရီးယားနိုင်ငံ၌ ကျင်းပခဲ့သော ဒသမအကြိမ် အာရှအားကစားပြိုင်ပွဲမှလွဲ၍ ပြိုင်ပွဲတိုင်းတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ၁၉၇၀ခုနှစ် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပခဲ့သည့် အဋ္ဌမအကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်ရှစ်ခုရရှိပြီး နိုင်ငံအလိုက်တွင် အဌမအဆင့်ဖြင့် အောင်မြင်မှုအများဆုံး ရရှိခဲ့သည်။

ရွှေတံဆိပ်ရရှိမှုများအနေဖြင့် ၁၉၅၄ ခုနှစ် ဒုတိယအကြိမ် အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခု၊ ၁၉၅၈ ခုနှစ် တတိယအကြိမ် အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ ၁၉၆၂ ခုနှစ် စတုတ္ထအကြိမ် အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခု၊ ၁၉၆၆ ခုနှစ် ပဥ္စမအကြိမ် အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ ၁၉၇၀ ခုနှစ် ဆဋ္ဌမအကြိမ် အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်သုံးခု၊ ၁၉၇၄ ခုနှစ် သတ္တမအကြိမ် အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ ၁၉၉၈ ခုနှစ် (၁၃)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ ၂၀၀၂ ခုနှစ် (၁၄)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခုရရှိခဲ့ရာ ၂၀၀၆ ခုနှစ် ကာတာနိုင်ငံ ဒိုဟာမြို့၌ ကျင်းပခဲ့သည့် (၁၅)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် ငွေတံဆိပ်လေးခု၊ ကြေးတံဆိပ်ခုနစ်ခုဖြင့် နိုင်ငံပေါင်း ၄၅ နိုင်ငံအနက် အဆင့်(၂၇) ရရှိခဲ့ကြောင်း သိရသည်။

မြန်မာအားကစားအဖွဲ့တွင် အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားစုစုပေါင်း ၁၀၇ ဦးပါဝင်ပြီး မြားပစ်၊ ပြေးခုန်ပစ်၊ ဘိလိယက်နှင့် စနူကာ၊ လှေလှော်၊ ပိုက်ကျော်ခြင်း၊ ရေကူး၊ သေနတ်ပစ်၊ ဘော်လီဘော၊ အလေးမနှင့် ဝူရှူးပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျိုးမြို့၌ ကျင်းပမည့် (၁၆)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် ဦးဆောင်သော အုပ်ချုပ်မှုအဖွဲ့ဝင်များ၊ မြန်မာ့လက်ရွေးစင်အားကစားအဖွဲ့ဝင်များအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တွေ့ရစဉ်။

(အား/ကာ)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေထံ ရခိုင်ပြည်နယ် လေဘေးဒဏ်ကြုံတွေ့ရသည့် ဒေသခံပြည်သူများအတွက် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော "ရွှေ" စီမံကိန်းအဖွဲ့ဝင်များ ကိုယ်စား Daewoo International Corporation က FEC ၅၀၀၀၀ ပေးအပ်လှူဒါန်းစဉ်။

(သတင်း-ဖော်ပြုပြီး)
(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၁-၁၁-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊တေးရေး - မောင်မောင်လတ်)
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၆။ "နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ"
၈း၀၀ ၇။ တေးသရုပ်ဖော်အစီစဉ်
၈း၁၀ ၈။ အကပဒေသာ
၈း၂၀ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ တေးသံသာ
၈း၃၀ ၁၀။ အတီးပြိုင်ပွဲ
၈း၄၀ ၁၁။ International News
၈း၄၅ ၁၂။ တေးဂီတအစီစဉ်
၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၃း၃၀ ၁။ Myanmar National League MNL Grand Royal Cup (2010) ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ် (Southern Myanmar F.C နှင့် မနောမြေ F.C)
၅း၀၀ ၂။ တေးဂီတအစီအစဉ်
၅း၁၅ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)
၅း၃၀ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၃၅ ၅။ "သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်" (ဖားသူငယ်တို့ပျော်ရာကမ္ဘာ) အပိုင်း(၅)
၅း၄၅ ၆။ အာဆီယံစွမ်းအင်ချွေတာဆုရ ဟိုတယ်ရွှေအင်းသာအလှ
၆း၀၀ ၇။ ညနေခင်းသတင်း
၆း၁၅ ၈။ မိုးလေဝသအခြေအနေ
၆း၂၀ ၉။ ပျော်ရွှင်စရာနေ့ရက်များ "အချစ်ကော်ဖီ" (အပိုင်း-၃၀) (သူရလင်း၊ ယုဇနဗိုလ်မြင့်၊ ရွှေပန်းချီ) (ဒါရိုက်တာ - အောင်ကျော်သူရ)
၆း၄၀ ၁၀။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း
၇း၀၀ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကာရန်မဲ့. . . ရင်ခုန်သံ" (အပိုင်း-၉)**
၈း၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံတကာသတင်းများ
၁၄။ မိုးလေဝသအခြေအနေ
၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (ပထမတွဲ) (အပိုင်း-၃၅) (ဇာတ်သိမ်းပိုင်း)**
၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသောမေတ္တာ" (အပိုင်း-၉)**
၁၇။ အစီအစဉ်ပြီး၏။

MNL အမှတ်ပေးချန်ပီယံဆုအား ရတနာပုံအသင်း ဆက်လက်ထိန်းသိမ်း

မုံရွာ နိုဝင်ဘာ ၁၀

MNL Grand Royal 2010 အမှတ်ပေးဘောလုံးပြိုင်ပွဲ ချန်ပီယံဆုအတွက် အဆုံးအဖြတ်ပွဲစဉ်ကို ယမန်နေ့ညနေ ၃ နာရီခွဲက မုံရွာကွင်း၌ ကျင်းပရာ ရတနာပုံအသင်းက ဇေယျာရွှေမြေအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုဖလား ဆွတ်ခူးရရှိသွားသည်။

ရတနာပုံ - နှစ်ဂိုး
(ရိုဒရီဂူ)
ဇေယျာရွှေမြေ - တစ်ဂိုး
(ကျော်ဇင်ဝင်း)

ရန်ကုန်ယူနိုက်တက်ကို ရှုံး၊ ကမ္ဘောဇအသင်းကို သရေကျခဲ့၍ ချန်ပီယံဆုကာကွယ်ရန် ဖိအားဝင်ခဲ့ရသည့် လက်ရှိချန်ပီယံရတနာပုံအသင်းမှာ ယခုအဆုံးအဖြတ်ပွဲတွင် အိမ်ရှင်ဇေယျာရွှေမြေအသင်းကို အနိုင်ယူကာ ချန်ပီယံဆုဖလားကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။ အမာခံကစားသမားများဖြစ်သည့် ရန်ပိုင်၊ ကမ်ဘူးနှင့် ချစ်စမ်းမောင်တို့ ပွဲပယ်ခံထားရသလို တိုက်စစ်မှူး အက်စလေမှာ ဒဏ်ရာကြောင့် မပါဝင်နိုင်သော်လည်း ရတနာပုံအသင်းမှာ အဝေးကွင်းတွင် နိုင်ပွဲရယူရန် ခြေစွမ်းပြနိုင်ခဲ့သောကြောင့် ချန်ပီယံဘွဲ့ကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

ချန်ပီယံဆက်တိုက် ရတနာပုံအသင်း ဆုဖလားနှင့်အတူ အောင်ပွဲခံနေစဉ်။

သတင်းမှတ်စုနှင့် ဓာတ်ပုံ ရှိုင်းထက်ဇော်

ဇေယျာရွှေမြေအသင်းကို အနိုင်ရမှ ချန်ပီယံဘွဲ့ကာကွယ်နိုင်မည့် ရတနာပုံအသင်းမှာ နည်းဗျူဟာအသစ် ပြောင်းခဲ့ပြီး ယခင်အလယ်တန်း ဘယ်အစွန်တွင် အသုံးပြုနေသည့် ရိုဒရီဂူကို နောက်တန်းဘယ်အစွန်တွင် အသုံးပြုခဲ့ပြီး ရှေ့တန်းတွင် သက်နိုင်နှင့် ရဲဇော်ထက်အောင်ကို အသုံးပြုခဲ့သည်။ ရတနာပုံအသင်း၏ ယခုပွဲကစားပုံမှာ အကောင်းဆုံးပုံစံရခဲ့သလို ထွန်းထွန်းဝင်း၊ ကိုနေးနှင့် အောင်ကျော်မိုးတို့၏ ကွင်းလယ်မှာလည်း ခြေစွမ်းပြနိုင်ခဲ့သည်။ ရတနာပုံအသင်းအား ချန်ပီယံဆုရရှိရန် အဓိကစွမ်းဆောင်ပေးခဲ့သူမှာ နောက်တန်းဘယ်အစွန်တွင် အသုံးပြုခဲ့သည့် ရိုဒရီဂူဖြစ်ပြီး ၂၂ မိနစ်တွင် အဝေးမှ အမှတ်မထင်ကန်သွင်းကာ ချေပဂိုးရယူပေးခဲ့သလို ပထမပိုင်းပြီးခါနီးတွင်လည်း ပြစ်ဒဏ်ဘောမှတစ်ဆင့် အနိုင်ဂိုးသွင်းယူပေးခဲ့သည်။

ပွဲအစနှစ်မိနစ်တွင် ကျော်ဇင်ဝင်းက ဇေယျာရွှေမြေအတွက် ဦးဆောင်ဂိုးစတင်သွင်းယူပေးခဲ့သော်လည်း ဦးဆောင်ဂိုးကို မထိန်းနိုင်ခဲ့ပေ။ ဇေယျာရွှေမြေအသင်းမှာ ယနေ့ပွဲတွင် ထင်သလောက်ခြေစွမ်းမပြနိုင်ခဲ့ဘဲ ရတနာပုံအသင်းကို အသာမယူနိုင်ခဲ့ပေ။ သရေရလဒ်ရရှိလျှင်ပင် ဗိုလ်စွဲနိုင်မည့် ဇေယျာရွှေမြေအသင်းမှာ ယင်းအခွင့်အရေးကောင်းကို အရမယူနိုင်ခဲ့ဘဲ အိမ်ကွင်းတွင် ပထမဆုံးရှုံးပွဲကြုံတွေ့ကာ ချန်ပီယံဖြစ်ခွင့်ဆုံးရှုံးခဲ့ရသည်။

ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ IBTC Co., Ltd. မှ Executive Director ဦးတင့်ဦးက ဒုတိယဆုရ ဇေယျာရွှေမြေအသင်းအား တစ်ဦးချင်း ဆုတံဆိပ်ကိုလည်းကောင်း၊ ဇေယျာရွှေမြေအသင်းပိုင်ရှင် ဦးဝင်းမြင့်က ဒုတိယဆုရ ဇေယျာရွှေမြေအသင်းအား ဆုကြေးငွေကျပ်သိန်း ၃၀၀ ကို လည်းကောင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ပထမဆုရ ရတနာပုံအသင်းအား တစ်ဦးချင်းဆုတံဆိပ်ကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်က ပထမဆုရ ရတနာပုံအသင်းအား ဆုကြေးငွေကျပ် သိန်း ၅၀၀နှင့် ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

MNL အမှတ်ပေးချန်ပီယံ ဆုဖလားကို ဆက်တိုက်ဆွတ်ခူးရရှိခဲ့သည့် ရတနာပုံအသင်း။

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ် ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

ယခင်ဖောင် ပယ်ဖျက်၍ ယခုဖောင် အတည်ပြုပေးပါရန်

နိုင်ငံတကာသတင်းများ

မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲကို အာဆီယံအသင်းကြီးက ကြိုဆို မူဝါဒလမ်းစဉ် (၇) ရပ်တွင် အဓိကအရေးပါသော ဆောင်ရွက်ချက်ဖြစ်ကြောင်း တရုတ် ပြောကြား

ပေကျင်း နိုဝင်ဘာ ၁၀ - ၂၀၁၀ ခုနှစ် နိုဝင်ဘာ (၇)ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သည့် မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ရလဒ်အဖြေကို ပြည်သူအများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲကို အာဆီယံအသင်းကြီးက ကြိုဆိုခဲ့ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပြုပြင် ပြောင်းလဲမှုများကို တည်ငြိမ်အေးချမ်းစွာဖြင့် ပိုမိုလုပ်ဆောင်နိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံအဖြစ် အကောင်အထည်ဖော် တိုးမြှင့်ဆောင်ရွက်သွားရေးတို့အတွက်လည်း တိုက်တွန်းပြောကြားခဲ့သည်။ အလားတူ တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက ယခုကျင်းပသည့် မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲသည် အစိုးရအသစ်တစ်ရပ် တည်ဆောက်ရေးအတွက် ဆောင်ရွက်ရမည့် မူဝါဒလမ်းစဉ် (၇)ရပ်တွင် အဓိကအရေးပါသော ဆောင်ရွက်ချက်တစ်ရပ်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အမ်အင်အေ၊ စီစီတီဗွီ။

ပုဂ္ဂလိက လုံခြုံရေးကုမ္ပဏီ ၅၀ ကျော် လမ်းညွှန် ကိုဥပဒေ လက်မှတ်ထိုး

ဂျီနီဗာ နိုဝင်ဘာ ၁၀ - ကမ္ဘာ့အကြီးဆုံး ပုဂ္ဂလိက လုံခြုံရေးကုမ္ပဏီ ၅၀ ကျော်တို့သည် လုံခြုံရေးကုမ္ပဏီတို့၏ အဆိုးရွားဆုံးအပြုအမူများကို ထိန်းချုပ်နိုင်ရန်ရည်ရွယ်၍ ရေးဆွဲထားသော လမ်းညွှန် ကိုဥပဒေတစ်ရပ်ကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ၎င်းတို့၏ သဘောဆန္ဒအလျောက် နိုဝင်ဘာ ၉ရက်က လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ဆွစ်ဇာလန်အစိုးရက ဦးဆောင်ရေးဆွဲသော အဆိုပါ ကိုဥပဒေသည် ပုဂ္ဂလိက၊ လုံခြုံရေးကုမ္ပဏီများအတွက် ပထမဆုံး နိုင်ငံတကာအဆင့် လမ်းညွှန် ကိုဥပဒေဖြစ်သည်။

အာဖဂန်နစ္စတန်နှင့် အီရတ်နိုင်ငံတို့တွင် ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီများမှ ဝန်ထမ်းများကြောင့် ပြဿနာပေါင်းများစွာ ဖြစ်ပွားခဲ့ပြီးနောက် အဆိုပါ ကိုဥပဒေပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။

စာမျက်နှာ ၁၆ မျက်နှာပါ ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီများအတွက် လမ်းညွှန် ကိုဥပဒေတွင် လုံခြုံရေးကုမ္ပဏီများအား ကိုယ်ပိုင်ကာကွယ်ရေးအတွက် လက်နက်ခဲယမ်းများ အသုံးပြုခွင့်ကို အကန့်အသတ်ထားရှိရန် တိုက်တွန်းထားသည်။

ယင်းအပြင် ကန့်သတ်နယ်မြေအတွင်းမှအပ လူများကို ဖမ်းဆီးခြင်း၊ စစ်ဆေးမေးမြန်းခြင်းများ မလုပ်ဆောင်ရန်လည်း လမ်းညွှန်ဥပဒေက တိုက်တွန်းထားသည်။

အဆိုပါ ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီများအတွက် လမ်းညွှန် ကိုဥပဒေတွင် ယခင်က ဘလက်ခ်ဝါတာဟု လူသိများခဲ့သော စီးပုဂ္ဂလိက လုံခြုံရေးကုမ္ပဏီနှင့် ဒိုင်းကော့ပ် လုံခြုံရေးကုမ္ပဏီများလည်း ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။ ယင်းကုမ္ပဏီနှစ်ခုသည် အီရတ်နှင့် အာဖဂန်စစ်မြေပြင်များတွင် တာဝန်ထမ်းဆောင်ခဲ့သော အမေရိကန်လုံခြုံရေး ကုမ္ပဏီများဖြစ်သည်။

အင်တာနက်။

အာဖဂန်နစ္စတန်တွင် လုံခြုံရေးတာဝန် ထမ်းဆောင်နေသော ပုဂ္ဂလိက လုံခြုံရေးဝန်ထမ်းများ။

ကူးစက်တတ်သော အဆုတ်ရောဂါများကြောင့် ကမ္ဘာတစ်ဝန်းလုံး၌ နှစ်စဉ် လူလေးသန်းကျော်သေဆုံး

ဝါရှင်တန် နိုဝင်ဘာ ၁၀

တုပ်ကွေးရောဂါနှင့် အဆုတ်ရောင်ရောဂါများကဲ့သို့သော အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်တတ်သည့်ရောဂါများကြောင့် ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ် လူပေါင်း ၄ ဒသမ ၂၅ သန်း သေဆုံးကြရပြီး အများစုမှာ ကလေးများဖြစ်ကြောင်း နိုဝင်ဘာ ၉ ရက်ထုတ် အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

၆ ရာခိုင်နှုန်း

အဆိုပါ ကူးစက်ရောဂါများကြောင့် သေဆုံးရသူ အရေအတွက်သည် တစ်ကမ္ဘာလုံး နှစ်စဉ် သေဆုံးရသူ ဦးရေ၏ ၆ ရာခိုင်နှုန်းရှိကြောင်း ကမ္ဘာ့အဆုတ်ဝေဒနာ ဖောင်ဒေးရှင်းက ထုတ်ပြန်သော စိုးရိမ်ဖွယ် အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါဆိုင်ရာ အညွှန်းကိန်းတွင် ဖော်ပြထားသည်။

ယင်းကဲ့သို့ အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်တတ်သောရောဂါများကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ်အနည်းဆုံး လူလေးသန်းကျော်သေဆုံးနေရသော်လည်း ကမ္ဘာ့ကျန်းမာရေးဆိုင်ရာ အသိုင်းအဝန်းက ထိုရောဂါများကို အလေးထားရမည့် ရောဂါများအဖြစ် သတ်မှတ်ခြင်းမရှိခဲ့ကြောင်း ကမ္ဘာ့အဆုတ်ဝေဒနာဖောင်ဒေးရှင်း တာဝန်ရှိသူတစ်ဦးက ဆိုသည်။

အဆင်းရဲဆုံး

ကမ္ဘာ့အဆုတ်ဝေဒနာဖောင်ဒေးရှင်း၏ အစီရင်ခံစာအရ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများ၌ နေထိုင်သူများသည် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများကြောင့် သေဆုံးရန် အလားအလာအရှိဆုံးဖြစ်ကြောင်း သိရသည်။

နေ့စဉ်ဝင်ငွေနိမ့်ပါးသော နိုင်ငံများတွင် အဆုတ်ရောင်ရောဂါကြောင့် သေဆုံးမှုနှုန်းမှာ တစ်နေ့တာဝင်ငွေ မြင့်မားသော နိုင်ငံများထက် ၂၁၅ ဆ ပိုမြင့်မားကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဝေဒနာ၏ လက်သည်

Respiratory Syncytial Virus ခေါ် ဗိုင်းရပ်စ်တစ်မျိုးသည် ကလေးများတွင် ဖြစ်ပွားသော ပြင်းထန်သည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ဝေဒနာ၏ လက်သည်များဖြစ်ပြီး ယင်းရောဂါကြောင့် နှစ်စဉ် အနည်းဆုံး ကလေး ၆၆၀၀၀ သေဆုံးခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ ရိုက်တာ။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူး နိုဝင်ဘာ ၁၀

. အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့် အချိန်မှစတင်ပြီး နိုဝင်ဘာ ၁၀ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၃၄၀၃ ဦးရှိပြီး အပြင်းအထန်ထိခိုက် ဒဏ်ရာရရှိသူ ဦးရေမှာ ၄၀၄၉၅ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၃၄၀၃ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ	၄၀၄၉၅ ဦး

အင်တာနက်။

အာဖဂန်လေယာဉ်ပေါ်တက်ရောက်နိုင်ခဲ့သော စစ်သွေးကြွလေးဦးကို ဖမ်းဆီးရမိ

ကဘူး နိုဝင်ဘာ ၁၀

အရှေ့အလယ်ပိုင်းဒေသသို့ သွားရောက်မည့် အာဖဂန်ခရီးသည်တင်လေယာဉ်တစ်စင်းပေါ်သို့ စစ်သွေးကြွလေးဦးတက်ရောက်လာနိုင်ခဲ့ကြောင်း၊ သို့ရာတွင် အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးသို့ ယင်းလေယာဉ်ပြန်လည်ဆင်းသက်ရန် အာဏာပိုင်များက ညွှန်ကြားခဲ့ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် လေယာဉ်ပေါ်သို့တက်ရောက်ကာ စစ်သွေးကြွများကို ဖမ်းဆီးခဲ့ရာ ပြန်လည်ခုခံမှုမရှိကြောင်း နေတိုးတပ်ဖွဲ့က ယနေ့ထုတ်ပြန်သော သတင်းကြေညာချက်တွင် ဖော်ပြသည်။

အဆိုပါ အာဖဂန်လေယာဉ်သည် အရှေ့အလယ်ပိုင်းဒေသသို့ သွားရောက်မည့် လေယာဉ်ဖြစ်ပြီး ယင်းဖြစ်စဉ်တွင် စစ်သွေးကြွဦးရေ မည်မျှပါဝင်ပတ်သက်သည်ကို မသိရပေ။

ဆော်ဒီအာရေဗျနိုင်ငံသို့ ပျံသန်းမည့် လေယာဉ်ပေါ်တွင် စစ်သွေးကြွခေါင်းဆောင်တစ်ဦးပါရှိသည်ဟု သိရှိရပြီးနောက် ကဘူးလေဆိပ်၌ ပြန်လည်ဆင်းသက်စေခဲ့ကြောင်း၊ အဆိုပါ စစ်သွေးကြွခေါင်းဆောင်မှာ ဟက်ကာနီအဖွဲ့မှဖြစ်ကြောင်း သိရသည်။

ဟက်ကာနီအဖွဲ့သည် အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နိုင်ငံတို့တွင် လှုပ်ရှားနေပြီး တာလီဘန်အဖွဲ့နှင့် မဟာမိတ်ပြုထားသည်။ မသင်္ကာဖွယ်ရာ စစ်သွေးကြွခေါင်းဆောင်ကို ဖမ်းဆီးရာတွင် ခုခံမှုမရှိကြောင်း၊ ၎င်းနှင့်အတူ ခရီးသွားလာမည့် လူသုံးဦးကိုလည်း ဖမ်းဆီးလိုက်ကြောင်း နေတိုးတပ်ဖွဲ့၏ သတင်းကြေညာချက်တွင် ဖော်ပြသည်။

အင်တာနက်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် နိုဝင်ဘာ ၁၀

. အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီ ဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည့်အချိန်မှစတင်ပြီး နိုဝင်ဘာ ၁၀ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူ ဦးရေမှာ ၇၀၄၂၆၈ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၁၂၇၄၆၆၃ ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၄၂၆၈ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၇၄၆၆၃ ဦး

အင်တာနက်။

ဘာဆရာတွင် ကားဗုံးကွဲမှုကြောင့် ၁၀ ဦး သေဆုံး၍ ၃၅ ဦးဒဏ်ရာရ

ဘာဆရာ(အီရတ်) နိုဝင်ဘာ ၁၀ - အီရတ်နိုင်ငံတောင်ပိုင်း မြို့တော်ဘာဆရာတွင် တနင်္လာနေ့နှောင်းပိုင်း၌ ကားဗုံးတစ်လုံးပေါက်ကွဲရာ အနည်းဆုံး ၁၀ ဦးသေဆုံးပြီး ၃၅ ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့ဝင်တစ်ဦးက ဆင်ဟွာသို့ သတင်းပေးခဲ့သည်။

အီရတ်နိုင်ငံ ကာဘာလာမြို့တွင် နိုဝင်ဘာ ၈ ရက်က ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီးနောက် မြင်ကွင်း။

ယင်းပေါက်ကွဲမှုကြောင့် အခင်းဖြစ်ရာ ဝန်းကျင်တွင် ရပ်ထားသည့်ကားများ ပျက်စီးခဲ့ကြောင်း၊ အီရတ်လုံခြုံရေး တပ်ဖွဲ့ဝင်များက ယင်းနေရာကို ချက်ချင်းပိတ်ဆို့လိုက်ကြကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဘာဆရာမြို့သည် ဘဂ္ဂဒက်မြို့၏ တောင်ဘက် ကီလိုမီတာ ၅၅၀ အကွာ၌ တည်ရှိပြီး အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ရှီးယိုက်ဘာသာရေးခေါင်းဆောင် မွတ်တာဒါးအယ်လ်ဆာဒါကို သစ္စာခံသည့် မက်ဒီပြည်သူ့စစ်အဖွဲ့ဝင်များ အပြင်းအထန် တိုက်ပွဲဖြစ်ပွားခဲ့ရာ မြို့ဖြစ်သည်။

ထိုနေ့မှာပင် ရှီးယိုက်ဘာသာရေးမြို့များဖြစ်သည့် နာဂျက်ဖ်နှင့် ကာဘာလာတို့တွင်လည်း ကားဗုံးနှစ်လုံးပေါက်ကွဲရာ အနည်းဆုံး ၁၅ ဦးသေဆုံးပြီး ၄၀ ကျော် ဒဏ်ရာရရှိခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။



ဝန်ထမ်းအလိုရှိသည်

(မြန်မာကျပ်ငွေဖြင့်ပြည်တွင်း၌သာခန့်ထားရန်)

(က) Senior Project အင်ဂျင်နီယာ — ကျား (၁) ဦး
- M.E(Civil), B.E(Civil) ဘွဲ့ရပြီးသူ၊ ဆောက်လုပ်ရေးလုပ်ငန်းကျွမ်းကျင်သူ၊ လုပ်ငန်းအတွေ့အကြုံ (၅)နှစ်ရှိရမည်။ အသက်(၄၅)နှစ်ထက်မကြီးရ။ Projectများ ရေးဆွဲအကောင်အထည်ဖော်နိုင်ရမည်။ English/ Computer တတ်ကျွမ်းသူ ဖြစ်ရမည်။

(ခ) လက်ထောက် Project အင်ဂျင်နီယာ — ကျား (၁) ဦး
- B.E(Civil), B.Tech(Civil) ဘွဲ့ရပြီးသူ၊ ဆောက်လုပ်ရေးလုပ်ငန်းကျွမ်းကျင်သူ၊ လုပ်ငန်းအတွေ့အကြုံ (၃)နှစ်ရှိရမည်။ အသက်(၃၅)နှစ်ထက်မကြီးရ။

(ဂ) စိုက်ပျိုးရေးမန်နေဂျာ — ကျား (၃) ဦး
- စိုက်ပျိုးရေးဘွဲ့(သို့)စိုက်ပျိုးရေးဒီပလိုမာရရှိသူဖြစ်ရမည်။ အသက်(၄၀)နှစ်အောက် ဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၃)နှစ်ရှိရမည်။ ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဃ) အရောင်းမန်နေဂျာ — ကျား (၃) ဦး
- ဘွဲ့ရဖြစ်ရမည်။ အသက်(၄၀)နှစ်အတွင်းဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၅)နှစ်ရှိရမည်။ အင်္ဂလိပ်စာအရေး၊ အပြောကျွမ်းကျင်ရမည်။ Sales & Distribution ဆိုင်ရာ စီမံချက်ရေးဆွဲအကောင်အထည်ဖော်နိုင်သူဖြစ်ရမည်။

(င) အရောင်းကြီးကြပ် — ကျား/မ (၃) ဦး
-ဘွဲ့ရဖြစ်ရမည်။ အသက်(၃၀)နှစ်ထက်မကြီးရ။ လုပ်ငန်းအတွေ့အကြုံ (၃)နှစ်ရှိရမည်။

(စ) ဘဏ္ဍာရေးမန်နေဂျာ — မ (၁) ဦး
- B.Com, CPAဘွဲ့ရရှိသူဖြစ်ရမည်။ အသက်(၃၅)နှစ်အတွင်းနှင့် လုပ်ငန်းအတွေ့အကြုံ (၃)နှစ်ရှိရမည်။ စာရင်းအင်းများကို Computer ဖြင့် ကျွမ်းကျင်စွာလုပ်ကိုင်နိုင်သူဖြစ်ရမည်။

(ဆ) စာရင်းကိုင် — ကျား/မ (၃) ဦး
-B.Com, LCCI Level(3)အောင်မြင်ပြီးသူဖြစ်ရမည်။ အသက်(၃၀)နှစ်ထက်မကြီးရ။ Computerဖြင့် ကျွမ်းကျင်စွာလုပ်ကိုင်နိုင်သူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိရမည်။

(ဇ) သစ်စက်မန်နေဂျာ — ကျား(၂)ဦး
-ဘွဲ့ရရှိပြီးသူ၊ အသက်(၄၀)နှစ်အတွင်းဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ (၃)နှစ်ရှိရမည်။ လုပ်ငန်း/စက်ရုံအားတာဝန်ယူ၍ စီမံအုပ်ချုပ်နိုင်ရမည်။

(ဈ) ထုတ်လုပ်ရေးအင်ဂျင်နီယာ — ကျား (၂) ဦး
-ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ သစ်အကြောင်းတတ်ကျွမ်းရမည်။ လုပ်ငန်းအတွေ့အကြုံ (၂)နှစ်ရှိရမည်။ အသက်(၃၅)နှစ်အတွင်း ဖြစ်ရမည်။

(ည) သစ်စက်အင်ဂျင်နီယာ — ကျား (၂)ဦး
- BE, AGTI (MP/Mechanical/ EP)ဘွဲ့ရရှိသူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ(၃)နှစ်ရှိရမည်။ အသက်(၃၅)နှစ်အတွင်းဖြစ်ရမည်။

(ဋ) သွင်းကုန်၊ ထုတ်ကုန်မန်နေဂျာ — ကျား (၁) ဦး
- ဘွဲ့ရရှိပြီးသူ၊ အသက်(၄၀)နှစ်အတွင်းဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ(၃)နှစ်ရှိရမည်။

ထုတ်ကုန်၊ သွင်းကုန်လုပ်ငန်းစဉ်နှင့် ပတ်သက်၍ ကျွမ်းကျင်စွာ လုပ်ကိုင်နိုင်သူဖြစ်ရမည်။ အင်္ဂလိပ်စာအရေး၊ အပြောကျွမ်းကျင်ရမည်။ ကြော်ငြာပါရှိသည့်နေ့မှ (၂)ပတ်အတွင်း ကိုယ်ရေးအကျဉ်းလျှောက်လွှာ၊ ဓာတ်ပုံနှစ်ပုံ၊ မှတ်ပုံတင်မိတ္တူ၊ ရဲစခန်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်များနှင့်အတူ အထောက်အထားများပူးတွဲလျက် ကုမ္ပဏီတည်ရှိရာအမှတ် (၂၃/၂၄)ဗဟိုရ်စည်ရိပ်သာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့သို့ စာတိုက်မှဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ လျှောက်ထားနိုင်ပါသည်။

Myanma Golden Star Co.,Ltd.ဖုန်း-၀၁-၂၂၀၂၃၊ ၀၁-၂၂၃၄၁၂

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ကျွန်ုပ်၏အမှုသည်ဖြစ်သူ စင်ကာပူနိုင်ငံ၊ MSP GLOBAL PTE LTD.25, Mandai Estate Tower 1, #02-07, Innovation Place, Singapore 729930၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာလိုက်ပါသည်။

ကျွန်ုပ်၏အမှုသည်သည် MSP(Molecular Science Products)အမည် အမှတ်အသားနှင့်ကုန်အမှတ်တံဆိပ်ကို အသုံးပြု၍ "Micro-Lubrication Technology"နည်းပညာဖြင့်ထုတ်လုပ်ထားသော "(1)MSP Penetrating Lubricant, (2)MSP EP-2, Grease,(3) MSP Engine Formulation, (4) MSP Formula 2-6-8, (5)MSP Fuel Conditioner" ကုန်ပစ္စည်းများကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ဖြူးရောင်းချလျက်ရှိပြီး မြန်မာနိုင်ငံတွင် တစ်ဦးတည်းကိုယ်စားလှယ်ဖြစ်သူ Plasterglass Ceiling Products Limited အမှတ်(၆၇၇) ပြည်လမ်း၊ စော်ဘွားကြီးကုန်း၊ အင်းစိန်မြို့နယ်က ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ် ၃၇၉၃/၂၀၀၇ နှင့် ၃၀၅၄/၂၀၀၉ တို့အရ မှတ်ပုံတင်ထားပြီး "ပန်းတိုင်သစ်ကုမ္ပဏီ လီမိတက်"၊ အမှတ်-၁၇(စီ)၊ ပါရမီလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ကသာ တရားဝင်ဖြန့်ဖြူးရောင်းချခွင့်ရှိပါသည်။

ယခုအခါ ယင်းMSPကုန်အမှတ်တံဆိပ်အတုဖြင့် ပစ္စည်းအတုများကို မြန်မာနိုင်ငံဈေးကွက်တွင် ရောင်းချခွင့်မရှိဘဲ ရောင်းချနေကြောင်း တွေ့ရှိနေရပါသည်။

သို့ပါ၍ ယင်းကုန်အမှတ်တံဆိပ်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ထင်ယောင်ထင်မှားဖြစ်အောင် ဆင်တူယိုးမှားပြုလုပ်၍ ဖြန့်ဖြူးရောင်းချခြင်း၊ မှာယူတင်သွင်းခြင်း၊ လက်ဝယ်ထားရှိခြင်းများပြုလုပ်ပါက ဥပဒေအရ ထိရောက်စွာအရေးယူလိမ့်မည်ဖြစ်ကြောင်း သတိပေးလိုက်သည်။

ဦးမင်းစိန် တရားရုံးချုပ်ရှေ့နေ(စဉ်-၁၆၉၉)
၇-ထပ်၊ ပန်းဆိုးတန်းအော့ဖစ်(စ်)တာဝါ၊ ၁၈၉-၁၉၅၊
ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့



ကုန်သည်/စက်မှုအသင်းချုပ် စွမ်းဆောင်ရည်မြှင့်သင်တန်းများ ဖွင့်မည်

ရန်ကုန် နိုဝင်ဘာ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ၏ သင်တန်းကျောင်းတွင် Certificate Course for Practical Approach to International Trade Course (Batch-2), Master of Ceremony Course (Batch-2), Business English Course (Batch-2) သင်တန်းများကို ဆိုင်ရာဘာသာရပ်များနှင့်စပ်လျဉ်းပြီး ဝါရင့်အတွေ့အကြုံရှိသော ဆရာ၊ ဆရာမများနှင့် သက်ဆိုင်သည့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၏ ကူညီပံ့ပိုးမှုဖြင့် သင်ကြားပို့ချသွားနိုင်ရန် စီစဉ်ထားရှိသည်။

ထို့အပြင် အခမ်းအနားမှူးသင်တန်းကို ဝါရင့်အတွေ့အကြုံရှိ ပုဂ္ဂိုလ်မှ ဦးဆောင်၍ သင်ကြားပို့ချသွားမည်ဖြစ်ပြီး ယနေ့ ခေတ်စားနေသော ကုန်ပစ္စည်းများဈေးကွက်မြှင့်တင်ရေးအခမ်းအနားများနှင့် အခြားသော အခမ်းအနားအစီအစဉ်များနှင့်စပ်လျဉ်း၍လည်း သင်ကြားပို့ချသွားမည်ဖြစ်ရာ သင်တန်းများကို နိုဝင်ဘာ ၂၇ ရက်မှ စတင်မည်ဖြစ်၍ သင်တန်းဝင်ခွင့်လျှောက်လွှာများကို လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်(၂၉) UMFCCI Tower ရှိ UMFCCI Training Institute ၌ ရယူကာ နိုဝင်ဘာ ၂၅ ရက်နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက UMFCCI Training Institute ဖုန်း-၂၁၄၃၄၄-၄၉ နှင့် ၂၁၇၄၈၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အလက(၁) မကွေး အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၀

မကွေးမြို့ အလက(၁) ဆားစည့်ကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများက ဆားစည့်ကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား စတုတ္ထအကြိမ်မြောက် ပူဇော်ကန်တော့ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၄ ရက် (အင်္ဂါနေ့) နံနက် ၈ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဆက်သွယ်လျှုဒါန်းလိုပါက ဦးသိန်းဝင်း ဖုန်း-၀၆၃-၂၅၂၈၃၊ ၀၉-၅၃၄၁၃၆၉၊ ဦးခင်မောင်ဝင်း ဖုန်း-၀၆၃ - ၂၅၀၄၀၊ ၀၉ - ၅၃၄၀၄၉၅၊ ဦးအောင်သိန်း(ရန်ကုန်) ဖုန်း-၀၉-၄၉၂၆၁၁၇၈၊ ဦးသိန်းဇော်ဦး(ရန်ကုန်) ဖုန်း-၀၉-၅၁၂၇၁၆၇နှင့် ဦးနိုင်ဇော်ဦး (ရန်ကုန်) ဖုန်း-၀၉-၅၄၀၀၈၃၂ တို့သို့ ဆက်သွယ်လျှုဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ နန်းကျကျေးရွာ မြေသားရေလှောင်ကန်၌ ရေတုံကင်တပ်ဆင်နေမှုကို အမှုဆောင်အရာရှိ ဦးဦးချစ်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဦးစောဝင်းတို့ ကွင်းဆင်းကြီးကြပ်စဉ်။

(မြို့နယ်စည်ပင်)

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် နိုဝင်ဘာ ၁၀

ဦးသက်ထွေးသည် သန်လျင်ဂေါက်ကလပ်၌ အောက်တိုဘာ ၃၁ ရက်က ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၂)သို့ ၁၂၉ ကိုက်အကွာမှ New Breed No-1 ဘောလုံးအား TAYLOR MADE BURNER IRON No-9 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

ထိုအချိန်တွင် ကစားဖော်များဖြစ်ကြသော ဦးအုန်းမြင့် (MD,Civil Tech Co.,Ltd.)၊ ဦးကျော်ကျော်နိုင် (ဒါရိုက်တာ၊ မိုးယံထက်ကုမ္ပဏီ)၊ ဦးစိန်ဝင်းတို့နှင့်အတူ ကစားခဲ့ကြောင်းသိရသည်။

(၅၂၇)

တောင်ပိုင်းစွန်းဒေသများ မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၁၀

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ကချင်ပြည်နယ်တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၅ ဒီဂရီစင်တီဂရိတ်ထိ၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ ဒီဂရီစင်တီဂရိတ်မှ ၇ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့တွင် ၆ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့၊ မင်းတပ်မြို့နှင့် လွိုင်လင်မြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီနှင့် ပြင်ဦးလွင်မြို့တွင် ၈ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်မှာ** ကော့သောင်းမြို့တွင် သုည ဒသမ ၃၆ လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

နိုဝင်ဘာ ၁၁ ရက် ညနေထိခန့်မှန်းချက် ။ ။ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ရောဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

စာရေးသူသည် ဧရာဝတီတိုင်းဒေသကြီး၏ မြို့နယ်တစ်မြို့နယ်ဖြစ်သည့် ဖွံ့ဖြိုးတိုးတက်နေသော မြောင်းမြခရိုင်သို့ လေ့လာရန် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ဗလရာဇာ နှစ်ထပ်ရေယာဉ်ဖြင့် ပုသိမ်မြို့မှ မြောင်းမြ မြို့သို့သွားခဲ့ရာ"မြောင်းမြမြို့မှ လိုက်လှဲစွာကြိုဆိုပါ၏" ဟူသော သပ်ရပ်လှပသည့် စာတန်းနှင့်အတူ မြောင်းမြမြို့၏ လှပဖွံ့ဖြိုးမှုများကို တွေ့မြင်ခဲ့ရသည်။

မြောင်းမြမြို့သို့ ရောက်ရှိစဉ် ခရိုင်အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ သွားရောက်၍ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်နှင့် တွေ့ဆုံမေးမြန်းခွင့်ရခဲ့သည်။

ခရိုင်ဥက္ကဋ္ဌက မြို့ကို ဌာနဆိုင်ရာများနှင့် တက်ညီလက်ညီ ဂရုပြုဆောင်ရွက်မှု၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိနေခြင်းဖြစ်ကြောင်း ပြောကြားသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့**✳

မြောင်းမြခရိုင် ဖွံ့ဖြိုးမှုသာမက ဧရာဝတီတိုင်းဒေသကြီး၏ ဖွံ့ဖြိုးမှုကိုပါ ထင်ဟပ်နေသည့် ရွှေလောင်းမြစ်ကူးတံတားကြီးကို တွေ့ရစဉ်။

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ မောင်တင်လှိုင် (ဟိုတယ်/ခရီး)

ဘက္ကရီအီးဒ်နေ့ အလုပ်ပိတ်ရက်ကြေညာ

နေပြည်တော် နိုဝင်ဘာ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့က (၁၃၇၂ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၁ ရက်) ၂၀၁၀ ခုနှစ် နိုဝင်ဘာ ၁၇ ရက် (ဗုဒ္ဓဟူးနေ့)သည် အီဒွလ်အသွာဟာ(ဘက္ကရီအီးဒ်)နေ့ ဖြစ်သည့်အတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်း အက်ဥပဒေပုဒ်မ(၂၅)အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက် ဖြစ်ကြောင်း ကြေညာသည်။ (သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ (၁၀-၁၁-၂၀၁၀)

ဟားခါး	၄	ဒီဂရီစင်တီဂရိတ်
နမ့်စန်	၆	ဒီဂရီစင်တီဂရိတ်
ဟဲဟိုး	၇	ဒီဂရီစင်တီဂရိတ်
မင်းတပ်	၇	ဒီဂရီစင်တီဂရိတ်
လွိုင်လင်	၇	ဒီဂရီစင်တီဂရိတ်
ပြင်ဦးလွင်	၈	ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာ မိုးရေချိန်

ကော့သောင်း သုည ဒသမ ၃၆ လက်မ